
# သခင့်စကား
## The LORD's Word
ဝိညာဉ်ရေးရာစာစောင်

ငါ့ရှေ့၌ လူတိုင်း ဒူးထောက်ရမည်၊ လူတိုင်း မိမိနှုတ်နှင့် သစ္စာခံရမည်ဟု ကိုယ်ကိုယ်ကို တိုင်တည်၍ ငါကျိန်ဆိုသော တရားစကား သည် ငါ့နှုတ်မှ ထွက်သည်ဖြစ်၍ မပြည့်စုံဘဲ မနေရ။
ယေရှာယ ၄၅း၂၃

အမှတ်စဉ် (၇၇) ဇန္နဝါရီလ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


### အသစ်ဝေစေတာကျမ်းသမ္မာ



ညစ်နွမ်းတဲ့ ဒြပ်ဝတ္ထုတွေကို လျှော်ဖွတ်ဆေးကြော
ထုထောင်းရိုက်ချေဖို့ **Powder** တွေ
**Liquid** တွေ **Detergent** တွေနဲ့သာမက
**Technical** နည်းတွေဖြင့်
အစို လျှော်လား ၊ အခြောက် လျှော်လား
ကြိုက်ရာရွေး ၊ သန့်စင်ပေးတော့
**Miracle** အသွင်ပြောင်း ညစ်နွမ်းတဲ့ ဒြပ်ဝတ္ထုဟာ
နှုတ်ဖျားမှာ သြချရ ၊ အသစ်ပြုတဲ့ ဒီကာလ ။
နှစ်ဟောင်းကိုပစ် ၊ နှစ်သစ်ကိုဆက်ဖို့
ခေါင်းလျှော်ဆေးကြော ဝတ်စားသစ်လွင်
ပြောင်ပြောင်တောက်တောက် ဖြူဖြူလို့ခေါ်ရလောက်အောင်
လုံချည်ဖြူဖြူ ရှပ်ဖြူဖြူနှင့် စွပ်ကျယ်ဖြူဖြူ
ဟိုဒီဟာတွေ အရာရာ ဖြူနေလည်း
မဲညစ်တဲ့နှလုံးသားကိုတော့ ဆေးကြောဖို့မေ့သူများ ။



ကြက်မှာအရိုး လူမှာအမျိုးတဲ့
**Material** တွေကို **Update** စနစ်တွေနဲ့
မွမ်းမံပြုပြင် အသစ်ထွင်လည်း
တိုးတက်တဲ့ ဒီခေတ်မှာ ညစ်နွမ်းတဲ့နှလုံးသား
ဖြူစင်သွားဖို့ ဓါတုဆေးလည်း မတည်ရှိ
**Formula** လည်းမရှိ ၊ မျိုးဆက်သစ်တို့က ဒါကိုမသိ ။
အရင်လို လမ်းအို လိုက်တဲ့ အသစ်အသစ်ဟု လိုက်အော်
ခေတ်ပေါ် **Duplicate** အကြား နှလုံးဖြူဖြူ စိတ်ဖြူဖြူဖြင့်
နှစ်သစ်ကို ခရီးဆက်နှင်ဖို့ မက်လုံး ပေးပေမဲ့
နှလုံးသွေး ပျက်စေမဲ့ အော်ကာ ညာတဲ့
အလိမ် အညာတွေကို ပစ်ပယ်ပြီး
လမ်းဟောင်းတိုင်းသာ လှမ်းခဲ့ပါတော့ ။
လမ်းဟောင်းလို့ ဆိုပေမဲ့ ၊ အဖုအထစ် ကင်းတဲ့လမ်း
ကောက်ကွေ့မှုတွေ ရှင်းတဲ့လမ်း ၊ အဆိပ်အတောက်လည်း ကင်း
**Fake** နှင့် **Trick** လည်း ကင်းပြီး ပြောင်းလဲခြင်းမရှိ
ကာလ အစဉ်အဆက် **Genuine** ဂုဏ်တွေဝင့်ပြီး
ခေတ်နောက် ဘယ်ခါမကျ ၊ အကျိုးလွန် ပေါက်မြောက်၍
နှစ်သစ်၊ လသစ် ၊ နေ့ရက်သစ်နှင့် ၊ အသစ် အသစ်တွေကို ပိုင်ဆိုင်ဘို့
လူသစ်တိုင်း လွန် အားထားတာ ၊ ထာဝရဘုရား၏ သမ္မာကျမ်းပါ ။ ॥
**Samuel Soe Lwin**

---

ကိုယ်တော့် ရင် ကို စုံကန်ရင်း ထွက်ခဲ့ပြီ။
ကြိုးစားလုပ်ကိုင်မှုနဲ့ အမှန်ကို ငါမတွေ့
မရဏာနိုင်ငံမှာ ကျိန်စာသင့်တဲ့ စာတန်လို
အတ္တအပူ ငြိမ်းမရ ၊ လောင်နေတဲ့ မီးတွေနဲ့
ထွေးလား ရစ်ပတ် ရုန်းကန်ရင်း၊ ဒီလူ တာရှည် မခံနိုင်ပါဘူး၊
မကြာခင်မှာဘဲ ဒုက္ခတွေဝေ ၊ သောကတွေ ဖြေမဆည်နိုင်မှ
အာခေါင်ကို ကျော် အသံ ပေါ်စေတဲ့အထိ တကြော်ကြော် အော်၍
ငိုကြွေးခြင်းမှ အပ ၊ ဒီရင်ကို အသာဖိ၊ ကြင်နာသူ မရှိတဲ့ ငါ့ဘဝ
ဘယ်သူ စာ လို့ နာ နိုင်မည်နည်း ။ ॥ **မျှော်တော**

---

### အလင်းအတွက်သတင်း

မိုးစက်လေးတွေအပြင်မှာ ၊ တဖွဲဖွဲကျ သတိရမိတယ်
မျှော်လွင့်တဲ့ ငါ့စိတ်တွေ ၊ ဗက်လင်မြို့ဆီမှာ ၊
အပြစ်မှောင်မိုက်မှာ ၊ ရှောင်ဖယ် ရုန်းထွက် မရ
လောကအတွက်ကို ၊ နှိမ့်ချစွာ မွေးဖွားခဲ့တယ်။
ဆောင်းတွေ မိုးတွေ ပြောင်းလဲတိုင်း ၊ မပြောင်းလဲတဲ့ နွားစားခွက်က
သူ့ရဲ့ အလင်းစကားတွေ လောကကြီးမှာ ၊ ယနေ့တိုင် ရှင်သန်ဆဲလေ။
တို့ရင်ထဲမှာ ငြိတွယ် ၊ အလင်းစကားကို မင်းကိုပြောမယ် နားထောင်ပေးပါကွယ်
အလင်းတရား အတွက် ၊ သတင်းစကား သက်သေ ။ ॥ **သိုးစုငယ်** (LK)

---

### နှစ်ဟောင်းမှာ



မှောင်မိုက်တဲ့ညဥ့်ယံတွေ ဖြတ်သန်းခဲ့ဘူးသော်လည်း
ခလုတ်မထိ ဆူးမညိဖြင့် ၊ ကျော်လွန်ညဥ့်ယံ
ခြေနင်းမှန်ဖြင့် ရွှေအာရုံဦးတွေလည်း ပိုင်ဆိုင်ခဲ့ဘူးလေရဲ့ ။
နှစ်ဟောင်းမှာ ပြဿနာ ယှက်သန်းတဲ့
နေ့ရက်တွေ ကြုံခဲ့ဖူးသော်လည်း ဘေးဘယာ ကင်းကွာ
ငြိမ်သက်စွာဖြင့် ဘဝအောင်လံတွေလည်း လွှင့်ထူခဲ့ဖူးလေရဲ့။
နှစ်ဟောင်းမှာ ဝဲလက်ယာ လူထောင်သောင်း
အထည်ပျက်တာ မြင်ခဲ့ရဖူးသော်လည်း မကြွယ်ဝလင့် ငါ
နပ်မှန်စွာဖြင့် အေးချမ်းစွာသက်ရှင် ၊ ခရီးနှင်နေလျှက်ပါဘဲ ။
နှစ်သစ်မှာ နေ့ရက်သညာတွေ အတွက် ၊
ပြက္ခဒိန် တစ်ချပ် ရှိထားသော်လည်း ၊ သုံးခြောက်ငါး ရက်များကို
ရှင်ခရစ် ရက်ရာဇာ ပြုချေတော့ ကျွန်ုပ်အတွက် နှစ်သစ်မင်္ဂလာ
အရှင့်ဘုန်း သာ၍ လင်းစေပါ ဘုရား။ ॥
**Samuel Soe Lwin**

---

### ခိုနားခွင့်



တံလျှပ်ကို ရေ ထင် ၊ ရွှေသမင် အလိုက်မှား
ခြသေ့်မင်း ဟန် ၊ အသွင် ပျောက်လျှက်
သခင့် မျက်နှာ ညှိုးငယ်စွာ ကြည့်
ခိုနား ကပ်စား မြေခွေးငယ်လို ၊ ဩော် ဘဝ ဘဝ။
နောက်ကျ နောင်တ ၊ နှောင်းမှ ‘တ’ လည်း
‘တ’ သည့် စိတ်က အလကားမို့ ၊ ဖြစ်စဉ်အတိတ် ပြုမိခဲ့မှား
အပြစ်များကို ခွင့်လွှတ်ပေးရန် ၊ သည်းထန် ရှိုက်စွာ တောင်းပန်ရင်းနဲ့
နွေးထွေးရင်ခွင် ပြန်လည် ခိုနား ခွင့် ပေးပါ သခင် ။ ॥ Baby

---

### မျက်ရည်

**ပျော်ရွှင်မှုကြောင့် ကျတဲ့ မျက်ရည် ၊ ဝမ်းနည်းမှုကြောင့် ကျတဲ့ မျက်ရည် ။**
**ကြည်နူးမှုကြောင့် ကျတဲ့ မျက်ရည် ၊ နာကျည်းမှုကြောင့် ကျတဲ့ မျက်ရည် ။**
**အကြောင်းအမျိုးမျိုးနဲ့ ကျတဲ့ ၊ ခံစားမှုမျက်ရည်တွေက မနည်း**
**ဒါပေမယ့်လေ . . . .**
**အပြစ်သားတွေအတွက် အသက်ကိုစတေး ၊ ထာဝရအသက်ကိုပေးတဲ့**
**ထိုသခင်အတွက်ကော ၊ ငါ “မျက်ရည်” ကျခဲ့ဖူးပြီလား ?။** (E.E.M)

---

### မိုက်တဲ့သား

ကိုယ်တော်ရှင်ရှေ့မှာ လိမ်လည်တတ်တဲ့ ငါ့လျှာနဲ့ ညာနေမိ ၊
အမြင် မကြည်တဲ့ ငါ့မျက်လုံးတွေနဲ့ လူတကာကို ကြည့် ။
မတန်မရာကို ပြောတတ်တဲ့ ငါ့ ပါးစပ်နဲ့ လူတကာကို ရန်ထောင်လို့
အမိုက်မှောင်ထဲသို့ အလျှင်အမြန် သွားတတ်တဲ့ ငါ့ခြေထောက်တွေ



### ငါ့ကဗျာ

ကဗျာ တစ်ပုဒ် ရေးထုတ်လိုက်တယ်
အဲ့ဒီ ကဗျာ ကို ........
တစ်ချို့က အပြစ်တင် ၊ ငါ့ကဗျာက “အင်”တဲ့။
တစ်ချို့က ဝေဖန် ၊ ငါ့ကဗျာက “အကြံအဖန်”တဲ့။
တစ်ချို့က ကဲ့ရဲ့ ၊ ငါ့ကဗျာက “အစုတ်အပဲ့”တဲ့။
တစ်ချို့က ချီးမွမ်း ၊ ငါ့ကဗျာက “တကယ်စွမ်း”တဲ့။


ကဗျာတစ်ပုဒ် အပေါ် အဖြေထုတ်လိုက်ကြတာ
သောက်သောက် လဲပဲ။
ငါလည်းဒီအဖြေတွေကြားထဲမှာ ...
ပက်လက်လန်လိုက်၊ မှောက်ခုန်ကူးလိုက်
ရေစုန်မျောလိုက်နဲ့ ......
အကယ်၍သာ သခင်အသုံးပြုလို့
ငါ့ကဗျာတစ်ပုဒ် လူတစ်ယောက်အတွက်
တရားဟောချက် တစ်ပုဒ် ဖြစ်မယ်ဆိုရင် ...
သက်သေခံချက် တစ်ခု ဖြစ်မယ်ဆိုရင် ...
တည်ဆောက်စရာ တစ်ချက် ဖြစ်မယ်ဆိုရင် ...
ခွန်အား တစ်စက် ဖြစ်မယ်ဆိုရင် ...
နောင်တ ရဖို့ အတွက် ဖြစ်မယ်ဆိုရင် .....
ရင်ထဲက ထပ်အန်ထုတ်
ဓမ္မ ကဗျာ အပုဒ်ရေတွေ
တိုးတိုး လာမှာ သေချာတယ်။

**(မင်းထွန်းသက်လွင်)**



--------------------------------

## အလင်းအိမ်



နေ့ဘက်မှာ တစ်လုံး ၊ ညဘက်မှာလဲ သုံးဖို့
အလင်းအိမ် နှစ်လုံးကို ဘုရားက ကမ္ဘာကြီးနား ချထားပေးခဲ့တယ် ။
နေ့ဘက်မှာ လင်းတော့ ‘နေ’ ၊ ညဘက်မှာ သာတော့ ‘လ’
သူတို့ဘဝ သူတို့အလှနဲ့ ၊ အလင်းအိမ် နှစ်စင်းဟာ ဝင်းဝင်း ပပ ။
လောကထဲမှာ အသက်ရှင်၊ ဘုရားအတွက်လဲ အသုံးဝင်ဖို့
သတ္တဝါ လူသားကို ဘုရားက ဇီဝ အသက်သွင်းပေးခဲ့တယ်။
ယောကျ်ား ကျတော့ ‘အာဒံ’ ၊ မိန်းမ ကိုကျတော့ ‘ဧဝ’
သူတို့ ဘဝ သူတို့ အလှနဲ့ ၊ လူသားမျိုးနွယ် နှစ်ဦးဟာ သင်းသင်း မြမြ။
လောက သက်တမ်းဆုံးရင် ကောင်းကင်မှာ စံနိုင်ဖို့
သားတော်မြတ် ယေရှုကို လောကအတွက် လက်ဆောင်အဖြစ် ပေးခဲ့တယ်။
ယုံကြည်ရင် ထာဝရ ၊ ဘုရားသား ဖြစ်ခွင့် ရပြီမို့
နှလုံးသားထဲမှာ ခရစ်တော်ကို ယူတင် ဝတ်ဆောင်ပြီး ၊
မှောင်နေတဲ့ ကမ္ဘာ လင်းအောင် ၊ အလင်းအိမ်တွေ ထွန်းလိုက်ကြ ။ ။

**မင်းအောင်သက်လွင်**

--------------------------------

## သက်သေခံချက်


စင်ကာပူရောက် တစ်နှစ်ပြည့်ခြင်း အမှတ်တရ အနေနဲ့ ခံစားရတဲ့ ကိုယ့်ဘဝ ဇာတ်ကြောင်းကို သက်သေခံချက် ရေးလိုက်မယ်လို့ စဉ်းစားမိပြီး စာရွက်ဖြူပေါ် ၊အပြာရောင် စာလုံးတွေ ရေးချလိုက်တာ စာမျက်နှာ ရှေ့နောက် စာရွက် ငါးရွက် မြောက်တော့ ပြီးဆုံးသွားတယ်။

သက်သေခံချက် ပြန်စီစစ်မယ်၊ ခံစားကြည့်တော့ “အားလားလား ... ငါ ရေးတဲ့စာက ငါ့ Boss မကောင်းကြောင်း အတင်းအဖျင်းတွေ ဖြစ်နေပါလား” ဆင်ခြင်မိပြီ၊ ငါသာ Boss နေရာမှာဆိုရင် ... ။ အတွေးဆုံးတော့ – **ငါ့ ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏** သခင့်စကား ပြန်ကြား ယောင်ရင်း အရာ အားလုံး ကျေးဇူးတော်ဘဲလို့ ရေတွက် ချီးမွမ်းမိလိုက်ပြီ။ **( ကြယ်လေး )**

--------------------------------

## တောင်းလျှင်ရမည် (မကြီး)

ဒီနာရီ ဒီနေ့ရက်အထိ အသက်ရှင်ခွင့်ပေးတဲ့ ဘုရားသခင်ကို ကျွန်မ ကျေးဇူးတင်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ စင်ကာပူကို ကျွန်မ ရောက်လာခဲ့တယ်။ ကျွန်မက အိမ်မှာ ကလေးထိန်းပြီး အိမ်အလုပ်ကို လုပ်နေရပါတယ်။ အလုပ် စဝင်တဲ့ ဒုတိယ နေ့မှာဘဲ အဆူခံ ထိတယ်။ အဲဒါပြီးနောက်ပိုင်း ဆက်တိုက် လိုလို အဆူခံထိနေတယ်။ ကျွန်မလဲ အင်္ဂလိပ်စကား ကျွမ်းကျင် တဲ့သူ တစ်ယောက် မဟုတ်ပါဘူး။ (အင်္ဂလိပ်စကား ကျွမ်းကျင်မှ တော့ စင်ကာပူလို နိုင်ငံ သေးသေး လေးမှာ အလုပ် ဘယ်လာလုပ်ပဲ့မလဲရှင်။) ကျွန်မ အလုပ်လုပ်တဲ့ အိမ်က သူဌေးမ ရဲ့ အမေက အင်္ဂလိပ်စကား သိပ်မပြောတတ်၊ ကျွန်မကလဲ သိပ်နားမလည်။ အဲဒါနဲ့ အခက်တွေ့ရတယ်။



နေ့တိုင်း အဆူခံ ထိတော့ ကျွန်မလဲ စိတ်ညစ်သွားတယ်။ သူဌေးမကို ပြောပြပေမဲ့ သူက မယုံဘူး။ သူ့အမေက ကျွန်မ ဘာမှ မလုပ်တတ်ဘူးလို့ တိုင်ထားတဲ့အတွက် ကျွန်မ ဘာမှ ရှင်းပြလို့ မရပါဘူး။ ကျွန်မ စင်ကာပူ မလာခင် နှစ်လေးမှာဘဲ အမေ ခေါ်တော်မူခြင်း ခံသွားရပါတယ်။ အဲဒါတွေနဲ့ ရောပြီး စိတ် အရမ်း ညစ်သွားပါတယ်။ လောကမှာ အသက်မရှင်ချင်တော့ လောက်အောင် ဖြစ်သွားမိခဲ့ပါတယ်။ ကျွန်မ စင်ကာပူမှာ အလုပ်လုပ်တဲ့ အိမ်က အထပ် ၈ လွှာ မှာ ဖြစ်ပါတယ်။ တိုက်အောက်ကို ငုံ့ကြည့်ပြီး ကိုယ့်ကိုယ်ကို သတ်သေပြီး ခုန်ချချင်စိတ် ပေါက်လာမိခဲ့ပါတယ်။ ဒါပေမဲ့ ငယ်ငယ်တုန်းက ဆန်းဒေးစကူးလ်က ဆရာတွေ နဲ့ လူကြီးမိဘတွေပြောတဲ့ စကားကို ပြန်အမှတ်ရမိတာက ကိုယ့်ကိုယ်ကို သတ်သေတာဟာ ပိုပြီး အပြစ်ကြီးတယ် ဆိုတာပါဘဲ၊ ကျွန်မ ငရဲကြီးမှာ သိပ်ကြောက်ပါတယ်။ ကျွန်မ သေရင် ကျန်ခဲ့မဲ့ ကျွန်မရဲ့ မိသားစုတွေက ပိုပြီး စိတ်ညစ်ရမယ်ဆိုတာ တွေးရင်းနဲ့ မလုပ်ဖြစ်ခဲ့ပါဘူး။

ဒီညမှာဘဲ ကျွန်မရဲ့ အသက်ဝိညာဉ်ကို နှုတ်ယူတော်မူပါလို့ ဆုတောင်း အပ်နှံခဲ့ပါတယ်။ ကျွန်မ ဒီစကားကို မပြောသင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကျွန်မ အဲဒီလို ဆုတောင်းရင်း ငိုရင်းနဲ့ အိပ်ပျော်သွားတယ်။ မိုးလင်းသွားပေမဲ့ ကျွန်မ မသေဘဲ အသက်ရှင်ခွင့်ရခဲ့တာ ဒီအချိန် ဒီနာရီအထိ ပါဘဲ။ ဘုရားသခင် ကျွန်မကို စင်ကာပူမှာ အလုပ်ဆက်လုပ်ဖို့ အစီအစဉ် ရှိရင် အကောင်းဆုံး စီစဉ်ပေးပါ။ အလိုတော်မရှိရင် ကျွန်မကို မြန်မာပြည် ပြန်ပို့တော်မူပါ လို့ဘဲ ဆုတောင်းမိပါတယ်။ တစ်လကြာတော့ အိမ်ပေါ်က နှင်ချခံ ထိပါတယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာ ပူလောင်မှုတွေ လျော့သွားသလို ခံစားရတယ်။ ပွဲစား အိမ်ရောက်တော့ မြန်မာပြည်က သူငယ်ချင်းတွေကို ပြန်တွေ့တယ်။ သူလဲ ကျွန်မ လိုဘဲ အိမ်ရှင်က မကြိုက်လို့ ပွဲစားဆီ ပြန်ပို့ခံထိထားရတဲ့သူဖြစ်တယ်။ ပွဲစားအိမ်မှာ နေပြီး တစ်ရက်ပြီး တစ်ရက် အိမ်ရှင် သူဌေးတွေဆီမှာ အင်တာဗျူး လုပ်ရပါတယ်။ အိမ်ရှင် သူဌေးတွေက ကျွန်မကို မရွေးဘူး။ ကျွန်မ သူငယ်ချင်းတွေကိုဘဲ သဘောကျတယ်။ ကျွန်မက ပိန်တယ်။ သေးတယ်။ မျက်နှာတည်တယ်ဆိုပြီး ဘယ်သူမှ မရွေးဘူး။ ကျွန်မအရမ်းဘဲ စိတ်ဓါတ် ကျမိ တယ်။ ပွဲစားရုံးခန်းနားမှာ သူငယ်ချင်းနှစ်ယောက် စကားပြောပြီး ရယ်မိရင် ပွဲစားက မကျေမနပ်နဲ့ မျက်စောင်းလှမ်းထိုးပါတယ်။ ကျွန်မရဲ့ မျက်နှာ တည်တည် ကို လူတွေ က မကြိုက်ဘူးလို့ ပွဲစားက ပြောပါတယ်။

ကျွန်မ ကြိုးစားပြီး ပြုံးပြပါတယ်။ တခြားသူတွေ အလုပ်ရသွားပေမဲ့ ကျွန်မနဲ့ သူငယ်ချင်းနှစ်ယောက်ဘဲ ကျန်ခဲ့ပါတယ်။ ပွဲစားက ကြိုးစားပြီး အလုပ်ရှင်ကို ရှာပေးပေမဲ့ အရက်နှစ်ဆယ်ကျော်တဲ့ အထိ ကျွန်မတို့ အလုပ် မရခဲ့ပါဘူး။ ပွဲစားရုံးခန်းမှာ အင်္ဂလိပ်စာနဲ့ တရုတ်စာ သင်ရပါတယ်။ ကျွန်မ သူငယ်ချင်းက ကြိုးစားပြီး လိုက်ဖတ်ပေမဲ့ ကျွန်မ ခေါင်းထဲမှာ ဘာတစ်ခုမှ မရှိပါဘူး။ ပဌနာတော်ကိုဘဲ အကြိမ်ကြိမ်ရွတ်ပြီး ဆုတောင်းတယ်။ ရက်နှယ်ဆယ် ပြည့်တော့ ကျွန်မ သူငယ်ချင်း အလုပ် ရသွားတယ်။ ကျွန်မ တစ်ယောက်တည်းဘဲ ကျန်တယ်။ ပွဲစားလဲ အရမ်းကို စိတ်ညစ်သွားတယ်။ ကျွန်မလဲ ဘာမှ မလုပ် တတ်တော့ဘူး ဘုရားသခင်ဆီ မှာ ဆုဘဲ တောင်းတယ်။ သူငယ်ချင်း အလုပ်ရပြီး နှစ်ရက်ကြာတော့ အိမ်ရှင်သူဌေး တစ်ယောက်က အလုပ်သမား လိုလို့ဆိုပြီး ပွဲစားကို ဖုန်းလှမ်းဆက်တယ်။ ညနေကျတော့ ကျွန်မ သူတို့ဆီမှာ သွားပြီး အင်တာဗျူး ဝင်ရတယ်။ ကျွန်မ သိပ်ပြီး မပြုံးတတ်ဘူး။ သွားဘဲ ဖြဲပြ လိုက်ပါ တယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မ အလုပ်ရ သွားတယ်၊

ကျွန်မ စင်ကာပူ မလာခင်တုံးက ယုံကြည်သူ အိမ်မှာ အလုပ်လုပ်ခွင့် ရဖို့ ဆုတောင်းဘူးတယ်။ အခုလဲ ကျွန်မရဲ့ ဆုတောင်းချက်ကို ဘုရားသခင်က အဖြေပေးပါတယ်။ ကျွန်မ အလုပ်ရတဲ့ အိမ်က ဘုရားကို သိတဲ့ ယုံကြည်သူ အိမ်ထောင် မိသားစု ဖြစ်နေပါတယ်။ ဒီ အကြောင်းကို သက်သေခံ မယ်လို့ စိတ် ကူးထားပါတယ်။ ဒါပေမဲ့ ဘုရားကျောင်းတက်ဖို့ အခွင့် မကြုံခဲ့ပြန်ပါဘူး။ သူငယ်ချင်းတွေရဲ့ ဖုန်းကို ဆက်တော့လဲ ဆက်သွယ်လို့ မရပါဘူး။ အဲဒါနဲ့ ဘုရားသခင် အလိုတော်ရှိရင် ပို့ဆောင်ပါလို့ ဆုတောင်းပါတယ်။ အလိုတော် မရှိရင် မြန်မာပြည် ပြန်ရောက် တော့မှဘဲ ဘုရားကျောင်း တက်တော့မယ်လို့ ဆုံးဖြတ် လိုက်ပါတယ်၊ တစ်ရက်ကျတော့ ကျွန်မရဲ့ သူဌေးက ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းကို ဆက်သွယ်လို့ရသွားပါတယ်။ ဒါလဲ ဘုရားရဲ့ ကျေးဇူးတော် သက်သက်ပါ။ ဘုရားကျောင်း တက်ခွင့်မရလို့ စိတ်ညစ်နေတဲ့ ကျွန်မဟာ စိတ်နှလုံး ငြိမ်သက် သက်သာရာ ရခဲ့ပါတယ်။

ဘုရားကျောင်းမှာ အခမဲ့ ဝေငှတဲ့ သခင့်စကား စာစောင်ထဲက ဆရာ အန်ဒရူး ရေးတဲ့ “ခရစ်ယာန် တစ်ယောက် သေရင် ဘယ်ကိုရောက်မှာလဲ” ဆိုတဲ့

ဆောင်းပါးကို ဖတ်လိုက်ရပြီး ခွန်အားရခဲ့ပါတယ်။ ကျွန်မ ကိုယ်ကျွန်မ အပြစ်ပြန်တင်မိပါတယ်။ အမြဲတမ်း အမေ့ကို လွမ်းဆွတ်ပူဆွေးနေမိတဲ့ ကျွန်မဟာ အခု ဘုရားသခင်ကို ချီးမွမ်းနိုင်ခဲ့ပါပြီ။ ခွန်အားလဲ ရခဲ့ပါတယ်။ ။( မကြီး )

---

## သက်သေခံချက် (M.L)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အထူး ချီးမွမ်းပါတယ်။ ကျွန်မဟာ တော်တော်လေးကို ဆိုးတဲ့ သူတစ်ယောက်ပါ။ ကျွန်မ ဘဝမှာ ဘုရားသခင်ရဲ့ ကောင်းကြီး ကို ခံစားရပေမဲ့ ဘုရားသခင်ကို ကျေးဇူးတင်ရမှန်း မသိ၊ ချီးမွမ်းရမှန်း မသိဘဲ၊ ကိုယ့် ဆန္ဒအလိုအတိုင်း အသက်ရှင်ခဲ့တဲ့ သူပါ။ အခုတော့ ကျွန်မ ကောင်းကောင်းကြီး နားလည် နောင်တ ရနေခဲ့ပါပြီ။

ကျွန်မ စင်ကာပူကို ရောက်လာတဲ့အကြောင်း နည်းနည်း သက်သေခံချင်ပါတယ်။ ကျွန်မ နိုင်ငံကူး လက်မှတ် စလုပ်တဲ့အချိန်မှာ ဘယ်နိုင်ငံကို သွားရမှန်း မသိခဲ့ပါဘူး။ အဲဒါနဲ့ သေချာအောင် ဆိုပြီး ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ "ကိုယ်တော် ကျွန်မကို စင်ကာပူ သွားနိုင်ရတဲ့ အခွင့် ပေးပါ"လို့ ဆုတောင်းခဲ့ပါတယ်။ အဲဒါနဲ့တင် မပြီးသေးပါဘူး၊ ကျွန်မ ဘာထပ်ပြောသလဲ ဆိုရင် " ကိုယ်တော် သမီးကို စင်ကာပူသွားနိုင်တဲ့ အခွင့် ပေးရင် 'သက်သေခံပါ့မယ်' လို့ ကတိပေးခဲ့ပါတယ်။ ကျွန်မရဲ့ အရှင် ဘုရားသခင်က ကျွန်မ တောင်းတဲ့ ဆုကိုပေးခဲ့ပါတယ်။ ကျွန်မရဲ့ ဆန္ဒပြည့်ဝခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်မ ကတိ မတည်ခဲ့ပါဘူး။ ဒီလိုနဲ့ စင်ကာပူ ရောက်တာ တစ်လပြီး တစ်လ ကုန်သွားခဲ့ပေမဲ့ 'သက်သေခံပါ့မယ်'လို့ ဘုရားသခင်ကို ပေးထားတဲ့ ကျွန်မရဲ့ ကတိတွေဟာ မီးခိုးငွေ့လို ပျောက်ကွယ်သွားခဲ့ပါတယ်။ ဘုရားရှင်က နည်းမျိုးစုံနဲ့ ကျွန်မ ကို သတိပေးခဲ့ပါတယ်။ ဒီ 'သက်သေခံပါ့မယ်' ဆိုတဲ့ ကတိ တည်အောင်ပေါ့။ ဒါပေမဲ့ ကျွန်မဟာ ဘုရားသခင်ပေးတဲ့ သတိ ကိုလဲ လျစ်လျူရှုခဲ့မိပါတယ်။

တစ်နေ့ ကျွန်မ ဘာစိတ်ကူး ဝင်လာခဲ့မှန်း မသိပါဘူး။ ကျွန်မ စဉ်းစားမိလိုက်တယ်။ ငါဟာ ဘုရားသခင်ကိုတောင်မှ ကတိမတည်နိုင်ဘူး။ လူသား အချင်းချင်းဆိုရင် ဒီထက်တောင် ဆိုးမှာ ငါ့ကို ဘယ်သူက ယုံကြည်လို့ ရမှာလဲ ဆိုပြီး အရမ်း နောင်တရသွားပါတယ်။ အဲဒါနဲ့ မဖြစ်၊ ဖြစ်တဲ့ နည်းနဲ့ သက်သေခံမယ် ဆိုပြီး ရတဲ့ အချိန်လေးအတွင်းမှာ ယုံကြည်သူ ညီအစ်ကို မောင်နှမတွေကို ဒီအကြောင်းလေး သက်သေခံ လိုက်ပါတယ်။

ယုံကြည်သူ ညီအစ်ကိုမောင်နှမတွေလဲ ကျွန်မလို မဖြစ်အောင် အလွယ်တကူ ဘုရားသခင်ကို ကတိသစ္စာ မပေးကြပါနဲ့။ ကတိ ပေးခဲ့မိရင်လည်း အဲဒီ ကတိ သစ္စာဝတ်ကို ဖြေဖို့ မမေ့ကြပါနဲ့၊ လို့ အနည်းငယ် သက်သေခံ ချင်ပါတယ်။ ကျွန်မရဲ့ ထွက်သက် ဝင်သက်ကို ပိုင်သတဲ့ ဘုရားသခင်ကို ကျေးဇူး တင်ပါတယ်။


**(သစ္စာကတိ ထားသည်အတိုင်း အမြင့်ဆုံးသော ဘုရား၌ သစ္စာဝတ်ကို ဖြေလော့။ ဆာလံ ၅၀ း၁၄ )** ( M.L )

---

## နှစ်သစ်လက်ဆောင် ( Blessing Htay )

လက်ဆောင်ကို လူတိုင်း နှစ်သက်ကြပါတယ်။ ဥပမာ မွေးနေ့ လက်ဆောင်၊ ခရစ္စမတ် လက်ဆောင်တွေကိုပေါ့။ လက်ဆောင် တစ်ခုခုရခဲ့ရင် အထဲမှာ ဘာများဖြစ်နေမလဲဆိုတာ စိတ်ဝင်စားတတ်ကြပါတယ်။ အဲဒီ လက်ဆောင်တွေထဲက စာဖတ်သူကို ကျွန်မ ပေးချင်တဲ့ နှစ်သစ်လက်ဆောင် ကတော့ ဧဖက် ၄း၃၀–၃၁ ဖြစ်ပါတယ်။

ကျမ်းစာလာသည်ကား ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ် ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာ စေကြနှင့် လို့ပြောထားပါတယ်။ ခပ်သိမ်းသော စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း၊ အော်ဟစ် ဝေါက်ဝေါခြင်း၊ သူ့အသရေ ပျက်အောင် ပြောဆိုခြင်း တို့ကိုလည်းကောင်း ခပ်သိမ်းသော မနာလိုခြင်းတို့ကို လည်းကောင်း သင်တို့ မှ ပယ်ရှားကြလော့။ ကျွန်မတို့ စိတ်တို စိတ်ဆိုးခြင်းဟာ ဘုရားသခင်ရဲ့ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို စိတ်နာစေပါတယ်။



ကမ္ဘာဦးကျမ်းမှာ ကာဣနနဲ့ အာဗေလ ညီအစ်ကို နှစ်ယောက် ရှိတယ်။ ကာဣနက လယ်ယာ လုပ်တယ်၊ အာဗေလ က မွေးမြူရေး လုပ်တယ်။ ကာဣန က သူ့လယ်ထဲက ထွက်တဲ့ အသီးအနှံတွေနဲ့ ( မိမိကိုယ်တိုင် ကြိုးစား ကျင့်ကြံခြင်းအားဖြင့် ) ဘုရားသခင်ကို ယဇ်ပူဇော်တယ်။ အာဗေလ ကတော့ သိုးလေးကို သတ်ပြီး သိုးရဲ့ ဆီဥ ( မိမိအကျင့်အားဖြင့် မတတ်နိုင်၍ ကိုယ်စား အသေခံ ခြင်း) နဲ့ အသီးသီး ဘုရားသခင်ကို ယဇ်ပူဇော်ခဲ့ကြပါတယ်။ ဘုရားသခင်က အာဗေလရဲ့ ပူဇော်ခြင်းကို လက်ခံခဲ့ပါတယ်။ အဲဒီအခါမှာ အစ်ကို ကာဣနဟာ သူ့ညီ အာဗေလကို မနာလိုဖြစ်ပြီး သတ်လိုက်ပါတယ်။ ဒေါသ ကြောင့် ညီအရင်း ခေါက်ခေါက်ရဲ့ အသက် ဆုံးခဲ့ရသလို သူကိုယ်တိုင်လဲ ကျိန်ခြင်း အမင်္ဂလာ ကိုခံခဲ့ရပါတယ်။

ဓမ္မရာဇဝင် ပထမစောင် အခန်းကြီး၂၅ မှာလဲ နာဗလ ဆိုတဲ့ သူဟာ ခက်ထန် ကြမ်းကြုတ်တဲ့သူ၊ ဆိုးတဲ့ အမှုကို ပြုတဲ့သူဖြစ်ကြောင်း ဖော်ပြထား ပါတယ်။ ဒါဝိဒ်ဟာ ဘုရင် မဖြစ်ခင်ကာလမှာ ရှောလုမင်းက လိုက်လံ သတ်ဖြတ် နေတာ ကြောင့် တောထဲမှာ လှည့်ပတ်ပြေးနေခဲ့ရပါတယ်။ အဲဒီ ကာလမှာ တောထဲမှာ သိုးကျောင်းနေတဲ့ နာဗလရဲ့ သိုးကျောင်းသားတွေနဲ့ တွေ့တဲ့အခါမှာ နာဗလ ရဲ့ သိုးကျောင်းသားတွေကို ကူညီခဲ့တယ်။ အခုသူ တပ်ပြတ်နေချိန်မှာ နာဗလ ဆီက အကူအညီလိုလို့ သူ့လူတွေကို လွှတ်ပြီး စားစရာ ရလိုငြား တောင်းခိုင်းလိုက်ပါတယ်။ ဒါဝိဒ်ရဲ့ စိတ်ထဲမှာ နာဗလ ရဲ့ လူတွေကို တောထဲမှာ တုံးက သူ ကူညီခဲ့ဖူးတဲ့အတွက် သူ့ကိုပြန် ကူညီ လိမ့်မယ်လို့ ထင်နေမိတယ်။ ဒါပေမဲ့ နာဗလက ဒါဝိဒ်ရဲ့ လူတွေကို ဆဲဆိုပြီး ဘာမှမပေးဘဲ ပြန်လွှတ်လိုက်တယ်။

ဒီအကြောင်းကို ဒါဝိဒ် တပည့်တွေက ဒါဝိဒ်ကို ပြန်ပြောပြတဲ့အခါ ဒါဝိဒ်ဟာ စိတ်ဆိုးပြီး နာဗလကို စစ်တိုက်ဖို့ ထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ နာဗလ မယား အဘိဂဲလ က လမ်းခုလတ်မှာ ဒါဝိဒ်ကို တောင်းပန်ဖို့ ထွက်လာခဲ့ပါတယ်။ ဒါဝိဒ်လဲ စိတ်ဆိုးပြေပြီး ပြန်သွားခဲ့ပေမဲ့ ဒေါသအမျက်ကြီးပြီး စိတ်ထား မကောင်းတဲ့ နာဗလဟာ ( နှလုံးရပ်ပြီး) နှလုံး သေပြီး ကျောက်ကဲ့သို့ ဖြစ်၍ အသက် ဆုံးရှုံးသွားပါတယ်။

၂တိ ၂း၂၄ မှာ ဖော်ပြထားတာကတော့ ဘုရား သားသမီး တိုင်းဟာ ရန်မတွေ့ရ၊ ခပ်သိမ်းသောသူကို ဖြည်းညှင်းစွာ ပြုသောသူ၊ ဆုံးမဩဝါဒ ပေးခြင်း အမှုမှာ လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ဖို့ သွန်သင်ထားတာမို့ မိမိတို့ အသက် တာကို ပြန်လည် ဆန်းစစ်ကြပါစို့။ ။

အမှုတော်မြတ်၌ – **Blessing Htay**

---

## မိတ်ဆွေခရစ်စမတ်ကိုဘယ်လိုကြိုဆိုခဲ့သလဲ

(လင်း–တောသားလေး)

**ယေရှုကလဲ မြေခွေးသည် မြေတွင်းရှိ၏၊ မိုးကောင်းကင်၌ ကျင်လည်သော ငှက်သည် နားနေရာ အရပ် ရှိ၏၊၊ လူသားမူကား ခေါင်းချရာမျှ မရှိဟု မိန့်တော်မူ၏၊၊ လုကာ ၉း၅၈**

**လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင် ခြင်းငှာ ကြွလာ သတည်း၊၊ လုကာ ၁၉း၁၀**



မှောင်အတိလွှမ်းနေတဲ့ ကမ္ဘာကို အလင်းပေး ကယ်တင်မဲ့ သခင် ခရစ်တော် မွေးနေ့ ခရစ္စမတ် ကျရောက် ပြီးခဲ့ပြန်ပြီ။ မိတ်ဆွေ သင်ဘယ်လို ကြိုဆိုခဲ့ပါ သလဲ။ လူတွေက အသွင် သဏ္ဌာန်ကွဲပြားစွာကြိုဆို ခဲ့ ကြပါတယ်။ ဘယ်လို ကြိုဆိုခြင်းက မှန်မြတ်ပါသလဲ။

**ယနေ့တွင် ဒါဝိဒ်၏ မြို့၌ သခင်ခရစ်တော် တည်းဟူသော ကယ်တင် သောအရှင်သည် သင်တို့ အဘို့အလိုငှာ ဖွားမြင် ခြင်း ကို ခံတော်မူပြီ၊၊ လုကာ ၂း၁၁**

**အိုယုဒပြည် ဗက်လင်မြို့ ငါ၏ လူစု ဣသရေလ အမျိုးကို အုပ်စိုးရသော သခင်သည် သင်၏ အထဲမှာ ပေါ်ထွန်းလတ္တံ့၊၊ မဿဲ ၂း၆၊၊**

ခေါင်းချစရာ နေရာ မရှိသော လူသား (သခင်ခရစ်တော်)ဟာ ယုဒပြည် ဗက်လင်မြို့ နွားစားခွက်ထဲမှာ ခေါင်းချပြီး လောကလူသားများကို ကယ်တင်ဖို့ အလို့ငှာ မွေးဖွားလာတဲ့ အချိန်ကို ဘယ်လို ကြိုဆိုခဲ့ကြသလဲ။

### ၁) *ဟေရုဒ်မင်းကြီး၏ ကြိုဆိုခြင်း ၊၊*

**ထိုစကားကို ကြားလျှင် ဟေရုဒ်မင်းကြီးသည် စိတ်ပူပန်ခြင်းသို့ ရောက်သဖြင့် ... သင်တို့သည် သွား၍ ထိုသူငယ်ကို ကြိုးစားရှာကြပါ၊၊ တွေ့လျှင် ငါ့ထံသို့ ပြန်လာ၍ ငါလည်း ထိုသူငယ်ကို ဖူးတွေ့ ပူဇော်ရအောင် ကြားပြောကြပါဟု မှာထားတော်မူလျှက် ဗက်လင်မြို့သို့ စေလွှတ်လေ၏၊၊ မဿဲ ၂း၃–၈**

**နောက်မှ ဟေရုဒ် မင်းကြီးထံသို့ မပြန်ရမည်အကြောင်း အိပ်မက်တွင် ဗျာဒိတ် တော်ကို ရ၍ မိမိတို့ပြည်သို့ အခြားသော လမ်းဖြင့် ပြန်သွားကြ၏၊၊ မဿဲ ၂း၁၂**

**ထိုအခါ ဟေရုဒ် မင်းကြီးသည် မာဂုပညာရှိတို့ လှည့်ဖြားသည်ကို သိလျှင် ပြင်းစွာ အမျက်ထွက်၍ ... ဗက်လင်မြို့မှ စသော ကျေးလက် ရှိသမျှတို့၌ နှစ်နှစ် အရွယ်မှ**


**စ၍ ထိုအရှယ်အောက် ယုတ်သော သူငယ်ယောကျ်ား အပေါင်းတို့ ကို သတ်စေ၏။ မဿဲ ၂း၁၆**

ရာမအရပ်၌ သည်းစွာသော ညည်းတွားငိုကြွေးမြည်တမ်းခြင်းလို့ အခန်းငယ် ၁၈မှာ ဖော်ပြထားတာတွေ့ရပါတယ်။ ဟေရုဒ်မင်းကြီးက ခရစ်တော်ကို ဘယ်လိုကြိုဆိုခဲ့တယ်ဆိုတာကို ဤကျမ်းချက်က မှတ်တမ်း တင်ထားပါ တယ်။ လူများစွာရဲ့ မျက်ရည်စက်တွေနဲ့ ခရစ်တော်ကို ဟေရုဒ်မင်းကြီးက ကြိုဆိုခဲ့ပါတယ်။ ဓါးသွားထက်ထက်နဲ့ ရက်စက်စွာ ခရစ်တော်ကို ကြိုဆိုခဲ့ ကြောင်း သမ္မာကျမ်းစာ က မှတ်တမ်းတင်ထားပါတယ်။

## ၂) ပညာရှိတို့၏ ကြိုဆိုခြင်း ။

**မာဂုပညာရှိ တို့သည် အရှေ့ပြည်က ယေရုရှလင်မြို့ သို့ရောက်လာကြလျှင် ယခု ဖွားမြင်သော ယုဒရှင်ဘုရင်သည် အဘယ်မှာ ရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့ မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှာ ရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏။ မဿဲ ၂း၂**

**အရှေ့ပြည်၌ မြင်ရသော ကြယ်သည် သူတို့ရှေ့က သွားသဖြင့် သူငယ်တော်ရှိရာ အရပ်အပေါ်သို့ ရောက်၍ တည်လျှက်နေ၏။ ... အိမ်သို့ ဝင်လေသော် မယ်တော်မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ပျပ်ဝပ်ကိုးကွယ်၍ မိမိတို့ ဘဏ္ဍာ ဥစ္စာတို့ကို ဖွင့်ပြီးမှ လောဗန်နှင့် မုရန်တည်းဟူသော နံ့သာမျိုးကို လည်းကောင်း၊ ရွှေကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြ၏။ မဿဲ ၂း၉း၁၁**



သူတို့ ဘဝမှာ အမွန်မြတ်ဆုံးနှင့် အမြတ်နိုးဆုံး ဥစ္စာ ဘဏ္ဍာဖြစ်တဲ့ ရွှေနဲ့ နံ့သာမျိုးအားဖြင့် ပူဇော်ခဲ့ကြတယ်။ မွန်မြတ်တဲ့ နှလုံးသားနဲ့ ပူဇော်ခဲ့ကြတယ်။ "အလွန် ဝမ်းမြောက် ဝမ်းသာခြင်းရှိကြ၏" လို့ သမ္မာကျမ်းစာက မှတ်တမ်း တင်ထားပါတယ်။ သူတို့ဟာ သခင်ခရစ်တော်ကို တကယ်ဘဲ ဝမ်းမြောက်သော စိတ်နဲ့ ကြိုဆိုခဲ့ကြပါတယ်။ အမွန်မြတ်ဆုံး ရွှေကို ပူဇော်ကြ တယ်။ အသင်းပျံ့ဆုံးသော နံ့သာကို ဆက်ကပ်ခဲ့ကြပါတယ်။

## ၃) သိုးထိန်းတို့၏ကြိုဆိုခြင်း ။

**ထိုပြည်မှာ သိုးထိန်းတို့သည် ညအခါ တောအရပ်၌ တည်းခိုလျှက် မိမိ သိုးစုကို စောင့်နေကြသည်ဖြစ်၍ ... ... ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်း မရှိ ကြနှင့်၊ လူအပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာစရာသိတင်းကို ငါသည် သင်တို့ အား ကြားပြောရ၏။ လုကာ ၂း၈း၁၀**



ဤကျမ်းပိုဒ်ကို ကြည့်ခြင်းအားဖြင့် သိုးထိန်းတို့ဟာ သခင် ခရစ်တော်ကို ဘယ်လို ကြိုဆိုခဲ့သလဲဆိုတာ သိနိုင်ပါတယ်။ သိုးထိန်းတဲ့ ဘဝနဲ့ ဝမ်းစာ ရှာနေရတဲ့ သူတွေဟာ မာဂု ပညာရှိတွေလို တန်ဖိုးကြီးတဲ့ ရွှေနဲ့ မပူဇော်နိုင်ကြပါဘူး။ အမွှေးနံ့သာကို မဆက်ကပ်နိုင်ကြပါဘူး။ ဟေရုဒ်မင်းလို သူတပါး အပေါ် မရက်စက်ခဲ့ကြပါဘူး။ အမင်္ဂလာ အလုပ် မလုပ် ခဲ့ကြပါဘူး။ သိုးထိန်းတို့သည် သူတို့ကိုယ်တိုင် မျက်ဝါး ထင်ထင်မြင်တွေ့ ဖူးမျှော်ခဲ့ကြရတဲ့ ကယ်တင်ရှင်အကြောင်းကို အခြားသူတွေထံ လှည့်လည် ပြောကြား သက်သေခံခဲ့ ကြတယ်ဆိုတာ တွေ့ရပါတယ်။ လောကကို ကယ်တင်မဲ့ သခင်ယေရှု ခရစ်တော် အကြောင်း မကြားသိရသေးသူတွေဆီ ပြောကြား ခဲ့ကြပါတယ်။

ချစ်သော မိတ်ဆွေ၊ ဒီနေ့ သခင်ခရစ်တော်ကို သင်ဘယ်လို ကြိုဆိုခဲ့ပါသလဲ။ ဟေရုဒ်မင်းကြီးရဲ့ ကြိုဆိုမှုမှာ လူတွေ များစွာ မျက်ရည်ကျခဲ့ရပါတယ်။ လူများစွာ ဝမ်းနည်းခဲ့ကြရပါတယ်။ ပူဆွေးခဲ့ကြရပါတယ်။ နှလုံးသားတွေ နာကျင်ခဲ့ကြရပါတယ်။ ဒါဟာ ကြင်နာခြင်းမဲ့တဲ့ ကြိုဆိုခြင်းပါဘဲ။ ဒီနေ့ မိတ်ဆွေရဲ့ ကြိုဆိုခြင်းကရော သူတပါးအတွက်၊ မိတ်ဆွေ အပေါင်း အသင်းတွေအတွက် ကြင်နာခြင်းလား၊ နာကျင်ခြင်းလား။

**လူသည် မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ ဂလာတိ ၆း၇။** ဟေရုဒ်မင်းကြီးကဲ့သို့ မနာလိုတဲ့ ဇာတိစိတ်နဲ့ ကြိုဆိုခဲ့သလား။

**ရွှေနှင့် ငွေကို ငါပိုင်သည် (ဟာဂဲ ၂း၈)** အရှေ့ပြည်က မာဂု ပညာရှိများကဲ့သို့ ရွှေတွေ ငွေတွေနဲ့ ကြိုဆိုခဲ့သလား။

**ငါသည် ဧဝံဂေလိ တရားကို ... မဟောဘဲ မနေနိုင် ( ၁ကော ၉း၁၆)** သိုးထိန်းများကဲ့သို့ မိမိတို့ သိုးများကိုပင် ထားခဲ့ပြီး သတင်းကောင်း ကြား ပြောခြင်းနဲ့ ကြိုဆိုခဲ့တာလား။

မိတ်ဆွေအတွက် အဓိပ္ပါယ်နှင့် ပြည့်စုံသော ခရစ်စမတ်ဖြစ်ပါစေ။ မိတ်ဆွေ သည်လည်း ကယ်တင်ရှင်ကို အမွန်မြတ်ဆုံး သော ကြိုဆိုခြင်းမျိုးနှင့် နောင်လာမဲ့ ခရစ္စမတ်တိုင်းမှာ ကြိုဆိုနိုင်ပါစေလို့ ဆန္ဒပြုလျှက် ... ... ။

**လင်း (တောသားလေး )**

---

# ဘုရားသခင်၏သိုးသငယ်တော်ယေရှုခရစ် (အန်ဒရူး)



**ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။(ယော၊၁း၂၉)**

သခင်ယေရှု၌ အဲ့ဘွယ်နာမ များစွာ ရှိပါသည်။ နာမ တစ်ခုစီတိုင်း၌ သူ၏ အကြောင်း အရာကို ပြောဆိုပြီး သူ မည်သူ နည်းနှင့် ကျွန်ုပ်တို့အတွက် ဘာပြုလုပ် ပေးခဲ့သနည်း စသည်တို့ ဖြစ်ပါသည်။ "ဘုရားသခင်၏ သိုးသငယ်" ဖြစ်သော ယေရှု၏ အကြောင်းကို စဉ်းစားကြပါစို့။ နှစ်ခြင်း ဆရာ ယောဟန် သည် ယေရှုကို တွေ့စဉ် "ဤလောက၏ အပြစ်ကို ဆောင် သွား သော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့"ဟု ပြောခဲ့သည်။ သမ္မာ ကျမ်းစာ၏ နောက်ဆုံးစာအုပ်၌ ဘုရားသခင်၏ သိုးသငယ်ကို ဘုရားသခင်၏ ပလ္လင်ပေါ်တွင် ထိုင်တော်မူသောသူအဖြစ် တွေ့မြင်ရသည်။ ဤနာမည်သည် ဘာကို ဆိုလိုပါသနည်း။

ယေရှုကို သိုးသငယ်ဟု ခေါ်ရခြင်းကို နားလည်ရန် ဓမ္မဟောင်း ကျမ်းကို ပြန်သွားရပေမည်။ ဓမ္မဟောင်းကျမ်းစာ တလျှောက်လုံး ကျွန်ုပ်တို့၏ ကယ်တင်ခြင်း ဆိုင်ရာ ပုံရိပ်များစွာကို တွေ့နိုင်ပါသည်။ ပုံရိပ်တခုစီတိုင်းတွင် ဝိညာဉ်ရေး ဆိုင် ရာရုပ်ပုံ(သို့) ရှင်းလင်းချက်ကို တွေ့မြင်ရပါသည်။ ဥပမာ၊ လူတယောက်သည် မိမိ၏ အပြစ်များအတွက် သိုးတကောင်ကို ယဇ်ပူဇော် ရာတွင် ဤပူဇော်မှု(သို့) ရုပ်ပုံသည် နောင်တနေ့သောအခါ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံ လိမ့်မည်ကို ဖေါ်ပြခြင်းဖြစ်သည်။

ကယ်တင်ခြင်း ဆိုင်ရာ ပုံရိပ်အမျိုးအစားများကို လေ့လာခြင်းဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ဘာတွေကို သွန်သင်ချင်သနည်း စသည်ကို စဉ်းစား ကြရမည်။ ယေရှုကို "ဘုရားသခင်၏သိုးသငယ်"ဟုခေါ်ရခြင်းကို ကျွန်ုပ်တို့ မြင်ရပေလိမ့်မည်။

## အာဒံနှင့်ဧဝတို့အတွက်တိရစ္ဆာန်များကိုသေစေခြင်း။

ကျမ်းစာ၌ ပထမလူအာဒံသည် ဘုရားသခင် အားဖြင့် ဖန်ဆင်းခံ ရ၏။ ဘုရားက အာဒံ အတွက် ဧဝ ဟုခေါ်သော ဇနီးတဦးကိုလည်း ဖန်ဆင်းခဲ့၏။ ကျမ်းစာက အာဒံနှင့်ဧဝကို "ဘုရားသခင်၏ ပုံသဏ္ဍာန်" နှင့်အညီ ဖန်ဆင်းခဲ့သည် ဟုဖော်ပြထားပါသည်။ ဤနေရာ၌ သာ၍ အံ့ဘွယ် ရာကား ဘုရားသခင် ကိုယ်တော်တိုင် သူတို့၏ စိတ်နှလုံးအတွင်း ကျိန်းဝပ် နိုင်ရန် ဖန်ဆင်းခဲ့ခြင်းပင် ဖြစ်သည်။

ဘုရားသခင်သည် အာဒံနှင့်ဧဝကို လှပသော "ဧဒင်ဥယျာဉ်" အတွင်း ထားရှိခဲ့သည်။ ဥယျာဉ်၌ သီးပင်များစွာ ရှိပါသည်။ ဘုရားသခင်က သူတို့ကို အပင်တပင်၏ အသီးမှတပါး အပင်အားလုံး၏ အသီးကို လွတ်လပ်စွာ စားနိုင်ကြောင်း ပြောခဲ့ပါသည်။ "ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန် သေရမည်" ဟုလူကို ပညတ်ထား တော်မူ၏ "(က၊၂း၁၇)

ညနေတိုင်း ဘုရားသခင်သည် ဆင်းသက် လာပြီး အာဒံ၊ဧဝတို့နှင့် လမ်းလျှောက်ခြင်း၊ စကားပြောခြင်းကို ပြုခဲ့သည်။ ဘယ်မျှ ပျော်ရွှင်ဘွယ် ကောင်းမည်နည်း။ သို့သော် တနေ့တွင် အခြားသောသူ၊ စာတန်သည် ဥယျာဉ်သို့ လာခဲ့သည်။ သူသည် မြွေတကောင်၏ အသွင်ဖြင့် လာခြင်း ဖြစ်သည်။ စာတန်က ဧဝအား၊ သင်နှင့်သင်၏ ယောကျ်ားသည် တားမြစ် ထားသောအပင်၏ အသီးကိုစားခဲ့သော် ဘုရားသခင် ပြောခဲ့သကဲ့သို့ သေရ လိမ့်မည် မဟုတ်။ သို့သော် ဘုရားနှင့် တူလာပေလိမ့်မည်ဟု ပြောခဲ့သည်။ ဧဝသည် ဘုရားသခင်ထက် စာတန်ကိုယုံကြည်ပြီး အသီးကိုယူ၍ စားခဲ့သည်။ သူမသည် အသီးကို အာဒံကိုပေး၍ သူသည်လည်း စားခဲ့ပါသည်။ အာဒံနှင့် ဧဝသည် ဘုရားသခင်၏ စကားကို နားမထောင်ခြင်းဖြင့် အပြစ် ပြုခဲ့ပါသည်။

ဘုရားသခင်က ပြောခဲ့ပြီး "စားသောနေ့တွင် ဧကန်အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏" အာဒံနှင့်ဧဝသည် ထိုနေ့၌ ရုပ်ခန္ဓာ သေခဲ့ပါသလား။ သူတို့ မသေခဲ့ပါ။ သို့သော် သူတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ သေခဲ့ပါသည်။ ဘုရားသခင်နှင့် အဆက်ပြတ်သွားခြင်း ကို ဆိုလိုပါသည်။ ဘုရား သခင်နှင့် သူတို့ အဆက်ပြတ်ခြင်းကား သူတို့၏ အပြစ်ကြောင့် ဖြစ်သည်။

အာဒံနှင့်ဧဝ အပြစ် မပြုလုပ်ခင် သူတို့၌ အဝတ် မလိုပါ။ ဘုရား



သခင်၏ ဘုန်းအလင်းရောင်နှင့် ဝတ်ခြုံထားခဲ့သည်။ ယခု သူတို့ အပြစ် ပြုခဲ့ခြင်းကြောင့် ဘုန်းအလင်း ကွယ်ပျောက်ခဲ့သည်။ ကျမ်းစာက "ထိုသူ နှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်းစည်း ရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်အို့ သင်္ဘောသဖန်းပင် အရွက်တို့ ကို ချုပ်စပ်၍ ခါးစည်းကို လုပ်ကြ၏။"(က၊၃း၇)

ထိုနေ့ နေဇသော အချိန် ဘုရားသခင်သည် သူတို့နှင့်အတူ လမ်းလျှောက်ရန် ကြွလာစဉ်၊ အာဒံနှင့်ဧဝသည် ဘုရား သခင်ထံမှ ပုန်းရှောင်ရန် ကြိုးစား ကြပါသည်။ သူတို့အပြစ်ပြုခဲ့ကြောင်းကို သူတို့သိသောကြောင့် ဘုရား သခင်ကို ကြောက်ခဲ့ကြပါသည်။ ဘုရားသခင်က သူတို့ကို သူ့ထံသို့ ခေါ်ခဲ့သည်။ သင်္ဘော သဖန်းရွက်ဖြင့် ပြုလုပ်ခဲ့သော အဝတ်ကို ဘုရားသခင် က လက်ခံ၍မရပါ။ ကျမ်းစာက ဘုရားသခင်သည် သူတို့အဘို့ "သားရေဖြင့် ဝတ်လုံ" ကိုလုပ်၍ ဝတ်ခြုံ စေတော်မူ၏။ ဟုဖော်ပြထားပါသည်။

ထိုသားရေ ဝတ်လုံ ဘယ်ကရပါသလဲ။ တိရစ္ဆာန်က ရပါသည်။ ဘုရားသခင်က အပြစ်မရှိသော တိရစ္ဆာန် ကိုသေစေပြီး အာဒံနှင့်ဧဝ အတွက် သားရေ ဝတ်လုံကို ပြင်ဆင်ပေးခဲ့ပါသည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝကို အပြစ်အတွက် တစုံတရာသည် အသေခံရမည် ဖြစ်ကြောင်း သွန်သင်ခဲ့ပါသည်။

ကျမ်းစာ၌"အသွေး မသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်း မရှိ" (ဟေဗြဲ၊၉း၂၂)ဟုဆိုထားပါသည်။ ဤအရာက ကျွန်ုပ်တို့အား အပြစ်သည် ဘုရားသခင်၏ အမြင်၌ အလွန်ပင် ကြောက်ဖွယ်ကောင်းကြောင်း ဖော်ပြခဲ့ပါသည်။ အသွေး မသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်း မရှိကြောင်းကို သတိရပါ။ ဤအမှန်တရား ကြီးသည် ကျမ်းစာ တအုပ်လုံး၌ တလျှောက်လုံး သွန်သင်ထားခဲ့ပါသည်။

## *ကာဣနနှင့်အာဗေလတို့၏ပူဇော်ခြင်းများ*

အခြားသော ကယ်တင်ခြင်း ဆိုင်ရာပုံရိပ်(သို့) အမျိုးအစားကို ကာဣန နှင့် အာဗေလတို့၏ အကြောင်းအရာတွင် ဖော်ပြထားပါသည်။ သူတို့သည် အာဒံနှင့်ဧဝတို့၏ သားနှစ်ယောက် ဖြစ်သည်။ ကာဣနသည် လယ်သမား ဖြစ်ပြီးစိုက်ပျိုး စားသောက်သည်။ အာဗေလသည် သိုးကျောင်းခြင်းဖြင့် အသက်မွေးသည်။ ဤသားနှစ်ယောက်သည် ဘုရားသခင်အား မှန်သော နည်းလမ်းနှင့် ကိုးကွယ်ရန် သွန်သင်ခြင်းကို ခံရပါသည်။ သူတို့သည် မိမိတို့၏ အပြစ်အတွက် သိုးသငယ်ယဇ်ကို ပူဇော်ရမည်ကို သိကြသည်။ ဘုရားသခင်ထံ ယဇ်ပူဇော်ရန် လာချိန် ရောက်သောအခါ အာဗေလသည် သိုးသငယ် တကောင်ကို ယူလာပြီး သူ၏ အပြစ်အတွက် ပူဇော်ခဲ့သည်။ ကာဣနကား သိုးကို မယူလာဘဲ ယင်းအစား မိမိစိုက်ခင်းမှ လုပသော အသီးများကို သာယူလာ သည်။

ကျမ်းစာက ဘုရားသခင်သည် အာဗေလ၏ ပူဇော်ခြင်းကိုသာ လက်ခံပြီး ကာဣန၏ ပူဇော်မှုကို ငြင်းပယ်ခဲ့သည်။ ဘုရားသခင်သည် တဦး၏ ယဇ်ကို နှစ်သက်ပြီး အခြားတဦးကို မနှစ်သက်ခြင်းကို ကျွန်ုပ်တို့ နားလည်ရန် အလွန် အရေးကြီးပါသည်။

အာဗေလ၏ ယဇ်ကို ဘုရားက လက်ခံရခြင်းသည် အာဗေလသည် နာခံခြင်းနှင့် ကျွန်ုပ်တို့၏ အပြစ်များအတွက် သခင်ယေရှု အသေခံခြင်း၏ ပုံရိပ် ဖြစ်သော သိုးသငယ်ကို ပူဇော်သောကြောင့်ဖြစ်သည်။ ဘုရားက ကာဣန၏ ယဇ်ကို ငြင်းပယ်ရခြင်းမှာ သူသည် ဘုရားကိုနာခံခြင်းမရှိ။ သိုးကို ပူဇော်ရမည့်အစား မိမိ မှန်တယ်ထင်သော အရာအားဖြင့်ပြုလုပ်ခဲ့သည်။ ကာဣနနှင့် အာဗေလတို့၏ အကြောင်းအရာအားဖြင့် ဘုရားက ကျွန်ုပ်တို့အား ဘာကို သွန်သင်ပါသလဲ။ ကျွန်ုပ်တို့အား အပြစ်သားလူသည် သန့်ရှင်းသော ဘုရားသခင်ထံ ချဉ်းကပ်ရန် လမ်းတလမ်းတည်းသာ ရှိသည်။ ကျွန်ုပ်တို့၏အပြစ်များအတွက် သွန်းတော်မူသော ခရစ်တော်၏ အသွေးကို ယုံကြည် ကိုးစားခြင်းဖြင့် လာရပေမည်။ ကျမ်းစာ၌ "လူအပြစ်ကို ဖြေသော အရာကား၊ အသွေးဖြစ်သတည်း" (ဝတ်၊၁၇း၁၁)

## *ပသခါသိုး*

ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့်ဆိုင်သော အခြား အံ့ဘွယ် အမျိုးအစား (သို့) ပုံရိပ်ဖြစ်သော ပသခါ အကြောင်းကိုကြည့်ကြပါစို့။ ဘုရားသခင်၏လူမျိုးတော် ဣသရေလလူမျိုးများသည် အီဂျစ်ပြည်၌ ရှိစဉ်၊ ဖါရောဘုရင်ထံ၌ ကျွန်ခံကြရပါသည်။ ဖါရောသည် အလွန်မှ ကြမ်းကြုတ်ခြင်းကြောင့် ဣသရေလ လူတို့သည် ဘုရားသခင်ထံ ငိုကြွေးခဲ့ကြပါသည်။ ဘုရားသခင်သည် သူတို့၏ ငိုကြွေးသံကို ကြား၍ သူတို့ကို အီဂျစ်ပြည်မှ ခေါ်ထုတ်ခြင်းကို ဦးဆောင်ရန် မောရှေကို စေလွှတ်ခဲ့သည်။ ဘုရားသခင်က မောရှေအား ဖါရောဘုရင်ထံ သွား၍ ပြောခိုင်းသည်မှာ" ဘုရားသခင် ထာဝရဘုရားက ငါ၏လူတို့သည် တော၌ ပွဲခံစေခြင်းငှါ လွှတ်ရမည်ဟု မိန့်တော်မူကြောင်း" ဖြစ်သည်။ ဖါရောသည် ခွင့်မပြုပါ။ သူက "ထာဝရဘုရား၏ စကားကို နား ထောင်ခြင်းငှါထိုဘုရားက အဘယ်သူနည်း" ဟုပြန်ပြောခဲ့ပါသည်။။

ဘုရားသခင်သည် မောရှေအား အီဂျစ်မြေပေါ် ဘေးဒဏ် ကိုးခု(သို့) တရား စီရင်ခြင်းများကို ပြုလုပ်ရန် တန်ခိုး ကိုပေး ခဲ့သည်။ ဘေးဒဏ်တခု ကျရောက်တိုင်း ဖါရောသည် ဣသရေလ လူတို့အား ထွက်ခွါရန် ဂတိပြုပါ သည်။ မောရှေသည် ဘေးဒဏ်ကို ဖယ်ရှားပေးပြီးနောက် ဖါရောသည် စိတ် ပြောင်းလဲပြီး ထွက်သွားခွင့် မပြုတော့ပါ။

ထိုနောက် တနေ့တွင် ဘုရားသခင်က မောရှေအား နောက်ဆုံး ဘေးဒဏ် တခု ပြုလုပ်မည်ဖြစ်ကြောင်း ပြောပါသည်။ သေမင်းတမန်တပါး စေလွှတ်ပြီး အိမ်တိုင်းရှိ သားဦးများကို ဒဏ်ခတ် သေစေလိမ့်မည်။ "ထိုအမှုနောက် ဖါရောသည် သင်တို့ကို ဧကန်လွှတ်လိမ့်မည်" ဘုရားသခင်သည် သူ၏ လူများ၏ သားဦးများမသေရန် စီမံပြုလုပ်ပေးခဲ့ပါသည်။ မိသားစု တစုတိုင်း သိုးသငယ်တကောင်ကို သီးသန့်ထားရန်နှင့် သိုးသည် အပြစ်အနာ လုံးဝ မရှိရ၊ စုံလင်ရမည်ဖြစ်သည်။ သိုးကို လေးရက်ထားပြီး သတ်ရမည်။ အသွေးကို အိမ်၏တခါးထုပ်နှင့်တခါးတိုင် တဘက်တချက်တွင် သုတ်ထားရမည်။

ဤအသွေးသည် သားဦးများ သေစေခြင်းမှ ကွယ်ကာလိမ့်မည် ဟု ဘုရားသခင်ပြောခဲ့ပါသည်။"...ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါ လွှန်သွားမည်" (ထွက်၊၁၂း၁၃)

ဘုရားသခင် ပြောခဲ့သည့်အတိုင်းဖြစ်ခဲ့ပါသည်။ သေမင်းတမန်သည် ထိုပြည်ကို ဖြတ်သွားသောအခါ တခါးတိုင်၌ သိုးအသွေး သုတ်ထားခြင်း မရှိသော အိမ်တိုင်း၏ သားဦးများ သေခဲ့ပါသည်။ သိုးအသွေး သုတ်ထားသော အိမ်တိုင်းရှိ သားဦးများ မသေပါ။ သူတို့ ဘေးလွတ်ခြင်းသို့ ရောက်ကြသည်။ ဘုရားသခင်၏ တရားစီရင်ခြင်းမှ သိုးသငယ်၏ အသွေးသည် ကွယ်ကာတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ပသခါပွဲ အကြောင်းအရာ အားဖြင့် ဘာသွန်သင်ပါသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သခင်ယေရှု၏ အသွေးတော်သည် သူ၏ အပြစ်ဒဏ်စီရင်ခြင်းမှ ကွယ်ကာ တော်မူကြောင်းကို သွန်သင်တော်မူ၏။ ခရစ်တော်သည် ကျွန်ုပ်တို့၏ သိုးသငယ် ဖြစ်တော်မူသည်။ ကျမ်းစာက "အကြောင်းမူကား၊ ခရစ်တော်တည်းဟူသော ငါတို့ ပသခါသိုးသငယ်သည် ငါတို့အဘို့ ယဇ်ပူဇော်ရာ ဖြစ်၏။" (၁ကော၊၅း၇)

သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံသော အခါ ကျွန်ုပ်တို့သည် သူ၏ အသွေးအားဖြင့် ကွယ်ကာခြင်းကို ခံရပါသည်။ ဘုရားက ကျွန်ုပ်တို့၏ နှလုံးသားအတွင်းကို ကြည့်သောအခါ ခရစ်တော်၏ အသွေးတော်ကို ယုံကြည်ကိုးစားခြင်းကို တွေ့မြင်ပြီး သူက "သင်၌ ငါ၏ စီရင်ခြင်းသည် မကျရောက်ရ။ ငါသည် သင့်ကို လွှန်သွားတော်မူမည်။"ဟု ဆိုပါသည်။

## *ယဇ်ပူဇော်ခြင်းအဖြစ်သိုးသငယ်ယဇ်*

ဣသရေလ လူများ အီဂျစ်ပြည်မှ ထွက်ခွါပြီးနောက် သူတို့ ပင်လယ်နီ ကိုဖြတ်ခဲ့၏။ သိနတောင် တွင် ဘုရားက သူတို့ကို ပညတ်တော် ဆယ်ပါးကို ပေးခဲ့၏။ ပညတ်တော်များက ဘုရားသခင်၏ အမြင်၌ အမှားနှင့် အမှန်ကို ဖော်ပြခြင်းဖြစ်သည်။

ဣသရေလ လူများသည် ဘုရား၏ သန့်ရှင်းသောပညတ်တော်ကို မစောင့်ထိန်းပါ။ သူတို့ ၏ စိတ်နှလုံး ဆိုးညစ်ကြ၏။ အဓိပ္ပါယ်မှာ သူတို့သည် အပြစ်သားဖြစ်ပြီး သေပြစ်သင့်သော သူများ ဖြစ်ကြ၏။ သို့သော် ဘုရားသခင်က သူတို့၏ အပြစ်များကို ခွင့်လွှတ်နိုင်ရန် စီမံပြုလုပ်ခဲ့ပါသည်။ အပြစ် ခွင့်လွှတ်ခြင်း ခံလိုသောသူသည် တဲတော်သို့ သိုးတစ်ကောင်ကို ယဇ်ပူဇော်ရန် ယူလာနိုင်ပါသည်။ ထိုသူသည် သူ၏လက်များကို သိုး၏အပေါ်သို့ တင်ပြီး "ကျွန်ုပ်သည် အပြစ်ပြုခဲ့သည်။ သို့သော် ဘုရားက ဤ သိုးသငယ်ကို ကျွန်ုပ်၏နေရာ၌ အသေခံရန် ခွင့်ပြုတော်မူသည်။" ဟုပြောဆို ရပါသည်။ ထို သိုးသငယ်သည် ထိုသူ၏ အပြစ်များအတွက် ကိုယ်စား သေခဲ့ရပါသည်။

နှစ်ထောင်ပေါင်းများစွာ လူတို့သည် ဘုရားက ပြောခဲ့သည့် အတိုင်း တိရစ္ဆာန် ယဇ်များကို ပူဇော်ခဲ့၏။ တိရစ္ဆာန်များ၏ အသွေးသည် သူတို့၏ အပြစ် များကို မဖယ်နိုင်ခဲ့ပါ။ ဤပူဇော်ခြင်းများက ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံခြင်း၏ ရိုးရှင်းသော ပုံရိပ်များဖြစ်သည်။ ထို များစွာသော ပူဇော်ခြင်းများသည် နောင်တွင် လက်ဝါးကပ်တိုင်ပေါ် ပူဇော်ခဲ့သူ ခရစ်တော်ကို ညွှန်ပြခြင်းသာ ဖြစ်သည်။

ယေရှုသည် ကျွန်ုပ်တို့၏ သိုးသငယ် ဖြစ်တော်မူသည်။ ဤသင်



ခန်းစာ၌ သင်ခဲ့ရသော အမှန်တရားကြီး တခုမှာ "အသွေး သွန်းလောင်းခြင်း မရှိလျှင် အပြစ်များ ခွင့်လွှတ်ခြင်းမရှိ" ဖြစ်သည်။ အဘယ်ကြောင့် သိုးသငယ် တကောင်ကို ကျွန်ုပ်တို့၏ အပြစ်များအတွက် မပူဇော်ရသနည်း။ သင်သည် မေးကောင်း မေးမည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ဘုရားသခင်၏ သိုးသငယ် ဖြစ်ပြီး သူသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံ ခဲ့သောကြောင့် ဖြစ်သည်။ ယေရှုသည် သိုးစစ် ဖြစ်တော်မူပြီး ဓမ္မဟောင်း၏ ပူဇော်မှု ပုံရိပ်များအားလုံးကို ပြည့်စုံစေခဲ့သည်။ နှစ်ခြင်းဆရာ ယောဟန်သည် ယေရှုကို မြင်သောအခါ "ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။" ဟုဆိုခဲ့သည်။။ (ယော၊၁း၂၉) ဤနေရာ၌ "ဘုရား သခင်၏ သိုးသငယ်"ကား အဘယ်နည်း။ ယေရှုသည် အပြစ်ဆိုဘွယ် မရှိ၊ စုံလင် ပြည့်စုံသော ကျွန်ုပ်တို့၏ အပြစ်အတွက် ယဇ် ဖြစ်တော်မူသည်။ ယေရှု သည် ကျွန်ုပ်တို့ အပြစ်များအတွက် အသေခံခဲ့သောကြောင့် အခြား ယဇ်ကောင်ကို ပူဇော်ရန် ကျွန်ုပ်တို့အတွက် မလိုအပ်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ယေရှုသည် အပြစ်မရှိ၊ အပြစ်နှင့် ကင်းစင်သောကြောင့် ကျွန်ုပ်တို့ ကိုယ်စား၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံနိုင်ခဲ့ပါသည်။ သူသည် ဘုရားသားတော်ဖြစ်ပြီး တလောကလုံး၏ အပြစ်များ အတွက် အသေခံနိုင်ခဲ့ပါသည်။ ကျမ်းစာက "ထိုသခင်သည် ငါတို့၏ အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာ အကြောင်း ဖြစ်တော်မူ၏။"(၁ယော၊၂း၂) ဟုဆိုထားပါသည်။

သခင်ယေရှုသည် နံနက်ကိုးနာရီတွင် လက်ဝါးကပ်တိုင်၌ ရိုက်ထား ခြင်းကို ခံရပြီး မွန်းလွဲသုံးနာရီ၌ အသက်ကို စွန့် တော်မူ၏။

ယေရှု အသက်မစွန့်မီ"အမှုပြီးပြီ"ဟု မိန့်တော်မူခဲ့၏။ "အမှုပြီးပြီ" ဟု မိန့်တော်မူခြင်းသည် အဘယ်နည်း။ သူသည် လာ၍လုပ် ဆောင်ရန်ရှိသော အလုပ်များကို ပြုလုပ်ပြီးစီးခြင်းဖြစ်သည်။ သူသည်ကိုယ်တိုင် အပြစ်နှင့် ပတ်သက်၍ အပြစ်ဆိုဘွယ်မရှိ၊ စုံလင်ပြည့်စုံသော ယဇ်အဖြစ် ပူဇော်ခဲ့သည်။ အပြစ် များအတွက် နောက်တခါ ပူဇော်ရန် ဘယ်သောအခါမျှ မလိုအပ် တော့ပါ။ ကျမ်းစာက "ထိုသခင်မူကား အပြစ်ကိုဖြေခြင်းငှါ ယဇ်တခုတည်းကို ပူဇော်ပြီးမှ စ၍၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ အစဉ်အမြဲ ထိုင်၍၊ ... အကြောင်းမူကား စင်ကြယ်သော သူတို့သည် ထာဝရစုံလင်ခြင်း အကျိုးကို ရစေခြင်းငှါ၊ တခါတည်း ပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။" (ဟေဗြဲ၊ ၁၀း၁၂၊ ၁၄) ဟု ဆိုထားပါသည်။

ကျွန်ုပ်တို့သည် အစဉ်အမြဲ ဖြောင့်မတ်ရာသို့ ရောက်ရပြီး ကျမ်းစာ က ခရစ်တော်၏ အသွေးအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်ရ၏။ ဤကား သူ၏ လက်ဝါးကပ်တိုင်ပေါ် ကျွန်ုပ်အတွက် အသေခံခြင်းကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အမြင်၌ ဖြောင့်မတ်ကြောင်း ကြေညာခြင်းကို ခံရ ပြီး ဘုရားသခင်က အပြစ်မရှိကြောင်း ကြေညာခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် အပြစ်များစွာပြုခဲ့စဉ် ဘုရားသခင်က ဘယ်ကဲ့သို့ ကျွန်ုပ်တို့၏ အပြစ်ကို ခွင့်လွှတ်ခဲ့ပြီး၊ ဖြောင့်မတ်ကြောင်း ကြေညာနိုင်ခဲ့သ နည်း။ ဘုရားသခင်သည် အပြစ်လွှတ်နိုင်ခဲ့ရခြင်းမှာ ခရစ်တော်သည် ကျွန်ုပ် တို့အတွက် အပြစ်အနာအဆာမရှိ၊ စုံလင်ပြည့်စုံသော ယဇ်ဖြစ်ခြင်းကို သူမြင် သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို မမြင်ဘဲ နေတော်မမူ။ အပြစ်များကို ခွင့်လွှတ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် အပြစ် အတွက် သွန်းသောသူ၏ သားတော်၏ အသွေးကို သူမြင်သောကြောင့် ဖြစ်သည်။ ကျမ်းစာက "... ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ် တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော် မူခြင်း ကျေးဇူးကို ငါတို့သည် ခံရ ကြ၏။" (ကော၊ ၁း၁၄) ဟုဆိုထားပါသည်။

"သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက် ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မျှော်လင့်စရာ ရှိ၏။" (ရော၊၅း၉) ကျွန်ုပ်တို့၏ ရန်သူစာတန်သည် ကျွန်ုပ်တို့ အား အပြစ်နှင့်ရှုံးနိမ့်ခြင်းကို အမှတ်ရစေရန် အလိုရှိသည်။ သူသည် ကျွန်ုပ်တို့အား အပြစ်တင်စွတ်စွဲလိုသည်။ စိတ်တွင်အပြစ်ရှိကြောင်း ခံစား လာအောင် ပြုလုပ်သည်။ ကျွန်ုပ်တို့၌ အပြစ်ရှိသည်မှာ အမှန် ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းသို့ ရောက်ခဲ့ပြီးသည် နောက်တိုင်အောင် အမှားများ ကိုပြော ဆိုပြုမူ တတ်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အပြစ်အတွက် ဘာပြုလုပ်ရမည်ကို ပြောခဲ့ပါသည်။ ကျွန်ုပ်တို့သည် အပြစ်များအတွက် အပြစ် ဝန်ချရမည်။ ခရစ်တော်၏ အသွေးတော်မြတ်ဖြင့် ဆေးကြောပေးရန် ပြောဆိုရပေမည်။ ထိုနောက် ဘုရား သခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပြီး ဖြစ်ကြောင်းကို ယုံကြည်ရမည်။ ကျမ်းစာက "ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့ အပြစ်ရှိသမျှကို ဆေးကြော တော်မူ၏။" (၁ယော၊၁း၇) လက်ဝါး ကပ်တိုင်ပေါ်တွင် သခင် ယေရှုသည် ကျွန်ုပ်တို့၏ အပြစ် များ အားလုံးကို ပေးဆပ်ခဲ့ပြီး။ ကယ်တင်ခြင်း သို့ ရောက် ပြီး နောက် ပြုလုပ်သော အပြစ်များလည်း ပါဝင် သည်။

စာတန်သည် အပြစ်များအတွက် ညွှန်ပြ၊ ပြစ်တင် စွပ်စွဲလာပါက ခရစ်တော်၏ အသွေးကို ညွှန်လျှက် ပြန်လည် ချေပနိုင်သည်။ ကျွန်ုပ် တို့သည် "ဟုတ်တယ်၊ ငါအပြစ် ပြုလုပ်တယ်၊ သို့သော် ဘုရား၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါ၏အပြစ်ရှိသမျှကို ဆေးကြောခဲ့ပြီး" ဟု ပြောဆို နိုင်သည်။ ခွင့်လွှတ်ခဲ့ပြီးသော အပြစ်များကို နောက်တဖန် ပြန်လည် ဖေါ်ပြ လိမ့်မည်မဟုတ်ဟု ဘုရားသခင်က ပြောခဲ့ပြီး။ ထိုသို့ ဘုရားသခင်သည် အခြားသူက အပြစ်တင်ခြင်းကိုလည်း ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ကျမ်းစာက "ဘုရားသခင် ရွေးကောက် တော်မူသောသူ တို့ကို အဘယ်သူသည် အပြစ် တင် မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသောသူကား ဘုရားသခင် ပေတည်း။" (ရော၊၈း၃၃)

ဘုရားသခင်၏ သိုးသငယ်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ် အသေခံ ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့သည် အစဉ်အမြဲ ဖြောင့်မတ်ရာသို့ ရောက်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်ထံသို့ လာရန် ကြောက်စရာ မလိုတော့ပါ။ ခရစ်တော်၏ အသွေးတော်မြတ်ဖြင့် ဘုရားသခင့် ရှေတော်မှောက်သို့ ရဲရင့်စွာ လာနိုင်ပေပြီ။ ကျမ်းစာက "ထိုကြောင့် ညီအစ်ကိုတို့... ငါတို့သည် သန့်ရှင်း ရာ ဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတား မရှိ ဝင်ရသော အခွင့်ရှိသဖြင့်ငှင်း၊... ငါတို့သည် သစ္စာနှင့်ပြည့်စုံသော သဘောရှိ ၍၊ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက် ... အထံတော်သို့ တိုးဝင် ချဉ်းကပ်ကြကုန်အံ့။"(ဟေဗြဲ၊၁၀း၁၉-၂၂) ဟုဆိုထားပါသည်။

ယေရှုခရစ်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက် အပြစ် အနာအဆာ မရှိ၊ စုံလင်ပြည့်စုံသောယဇ် တည်းဟူသော ဘုရားသခင်၏ သိုးသငယ် ဖြစ်တော်မူသည်။ ။ *(အန်ဒရူး)*

---

## ကျွန်မ၏နှလုံးသားဒဲ့ရင်းဖွင့်ပါစုံ (ဆူးရှင့်စိမ်း)

ချစ်သော စာဖတ်သူများတို့ရေ။ နှစ်သစ်လေးလဲ ရောက်လာပြီ ဆိုတော့ အတွေးသစ်လေးတွေနဲ့ အတူ ဘဝအသစ်ကို အစပြုဖို့ တာစူ နေသူများ ရှိကြသလို၊ အပြစ်ဟောင်းတွေ ဝန်ချလို့ အပြစ်သစ်တွေ ထပ်မလုပ်မိဖို့ ဘုရားသခင်ထံ ကတိတွေ ပေးသူက ပေးနဲ့ အလုပ်ရှုပ်နေကြအုံးမှာပေ့ါနော်။ တစ်ချို့ကျတော့လဲ ဒဏ်ရာ ဟောင်းတွေ ကြိုးစားမေ့ပစ်ပြီး အသွင် သဏ္ဍာန် အသစ် တွေနဲ့ ပြောင်းလဲ အသက်ရှင်ဖို့ အားအင်မွေးသူက မွေး၊



ဘယ်ဆရာကို ဖိတ်၊ ဘာကိုကျွေးလို့ ဘယ်လို သက်သေခံ စကားတွေနဲ့ ကျေးဇူးတော် ချီးမွမ်း ရပ့ါမလဲလို့ အတွေး ပေါင်းများစွာနဲ့ အိမ်ထောင်ရှင်များ၊ အလုပ်ရှုပ်ကောင်း ရှုပ်နေ ကြပါလိမ့်မယ်။ ချစ်စရာကောင်းတဲ့ ဓလေ့ စရိုက်ပါ။ ဒီ အကျင့်စရိုက်ဟာ စာရေးသူတို့ ခရစ်ယာန် အသိုင်း အဝိုင်းမှာ ဖြစ်ရိုး ထုံးစံရှိတဲ့ နှစ်သစ်ကူးကို ကြိုဆိုခြင်းဟာ အင်မတန် မွန်မြတ်တဲ့ အစဉ် အလာ မဟုတ်ပါလား။

အများနည်းတူ စာရေးသူလဲ ရင်ထဲမှာ ဟိုဟိုဒီဒီ အတွေးတွေနဲ့ ဦးနှောက်က မနား၊ နှလုံးသား မအားဖြစ်နေရပါတယ်။ အဲဒါကြောင့် ဒီလို နှစ်ကူး ရာသီမျိုးဆိုရင် စာရေးသူအတွက်တော့ နှလုံးသား အလုပ်ရှုပ်တဲ့ 'လ'လို့ အမည်ပေးလိုက် ချင်ပါရဲ့လေ၊ ဟင်း ဟင်း ဟင်း။ ကိုယ့်အကြောင်း ကိုယ်သာ သိလို့ ဆိုတာထက် ပိုသိနေသေးတဲ့ ထာဝရ ဘုရားသခင်နဲ့ နှစ်ကိုယ်ကြား စကားလေးများ တီးတိုးတီးတိုး ဆိုရအုံးမယ်။ ပြီးတော့ တရား ရသလိုလိုနဲ့ နောင်တ လေးတွေပုံ၊ ကတိစကားလေးတွေ စုံလို့ ဆူညံဆူညံ အသံလေးကို ဘုရားသခင် ကြားအောင် ခါတိုင်းပြောနေကျ စကားတွေထက် တမူထူးခြားစေမဲ့ စကားလုံး လှလှလေးတွေ ရှာကြံပြီး ပြောရအုံးမှာလေ။ ဒီလိုနဲ့ဘဲ စာရေးသူ ကျွန်မ 'နှစ်ဆုံး' နဲ့ 'နှစ်စ' ပြုလုပ်ရိုး ထုံးစံလေးဟာ တကယ်တန်း ဆန်းစစ်ကြည့်တော့ အဖြူသုတ်ထားတဲ့ အုတ်ဂူတစ်လုံးလိုဖြစ်ပြီး အထဲမှာ အရိုးစုလေးသာ ကျန်ရစ်မဲ့ ဖြစ်ပါတယ်။ အရိုးစုလေး မဆွေးခင်မှာ အကြောင်းစုံကို ပြန်ပြောင်းကြည့်တော့ နှစ်များစွာကို ကျော်ဖြတ်နိုင်ခြင်းဟာလည်း မာန်ဖီနေတဲ့ ကုသိုလ်၊ အရောင်ပြယ် နေတဲ့ စေတနာ၊ ဟန်ဆောင်နေတဲ့ မေတ္တာတရားတွေ ပွားများလို့တော့ မဟုတ်ရှာ

ပါဘူးကွယ်၊ ဟန်ချက် မညီတဲ့ နှလုံးသား တစ်စုံကို ကျေးဇူးတော်တွေ အထပ်ထပ် လောင်း အရှက် မကွဲအောင် ဖုံးအုပ်ပေးတဲ့ သခင့်ရဲ့ မေတ္တာတော်သက်သက်ကြောင့် သာဖြစ်ကြောင်း တွေ့မြင်လာပါတော့တယ်။

နှစ်အဆုံးမှာ ဘယ်လို ဘယ်ပုံ၊ နှစ်အစမှာ ဘယ်လိုပြောင်းပြောင်း၊ နှစ်အလည် မရောက်ခင်မှာတော့ ဒုံရင်းက ဒုံရင်း အတိုင်းသာ ပြန်ဖြစ် သွားလေ့ရှိတဲ့ ကျွန်မရဲ့ နှလုံးသား ဒုံရင်းတစ်စုံ မည်သည့်အဓိပ္ပါယ်ဖြင့် မည်ကဲ့သို့သော အရေကို ခြုံနေပါသလဲလို့ စဉ်းစားမိပါတော့တယ်။ သမ္မာ ကျမ်းစာက ပြောထားပါတယ်။

ယဇ်ပူဇော်ခြင်း အကျင့်ထက်၊ (အပြုသဘောများကို အမှုထားခြင်း) နာခံ နားထောင်တတ်တဲ့ (ရိုးရိုးလေးသာ လိုက်လျှောက်ခြင်း) အသက်တာကို ဘုရားသခင်က သာ၍ နှစ်သက်တယ်တဲ့။ ဒါ့ကြောင့်လည်း ဟောဒီ နှစ်သစ်မှာ အသစ် အဆန်း အသွင်အဖြစ်နဲ့ သခင့်စကားကို နားခံဖို့ရန် ‘ရိယွဲ’ နေတဲ့ ကျွန်မရဲ့ နှလုံးသားတစ်စုံကို ဆုတ်ပစ် လိုက်ပြီး သခင့်ရဲ့လက်တော်သို့ အပ်နှံပစ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ (ကိုယ်တော်တိုင် ဖန်ဆင်းတော်သောအရာကို သနားခြင်း စိတ်ရှိတော်မူပါ ယောဘ ၁၄း၁၅) ပြီးတော့ နားထောင်နာခံတတ်တဲ့ နှလုံးသား တစ်စုံ အဖြစ်သို့ ရောက်ရှိဖို့ သွန်သင်တော်မူပါ ဘုရားလို့ နှစ်သစ်ဆုတောင်းသံကို သခင်ကြား မယ်ဆိုရင် နှလုံးသား ဒုံရင်း တစ်စုံ သခင့်ရဲ့ သစ္စာ လက်အစုံထဲ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မရဲ့ နှလုံးသားဟာလည်း ကျေးဇူးတော် ဝန်ခံရာ ယဇ်အဖြစ်နဲ့ အပူဇော်ခံလို့ ရှင်လန်းသော အသံနှင့် တကွ အမှုတော်တွေကို ကြားပြောရအုံးမည်။ မဟုတ်ပါလား။ ဆာလံ ၁၀၇း၂၂။

နှလုံးသား ဒုံရင်းတစ်စုံ သခင့်စကားအစုံကို နားထောင်နာခံရင်း ကျေးဇူးတော်တွေကို တစ်ပိုက်ကြီးပိုက်လို့ ဟောဒီ နှစ်သစ်မှာ အသက်ဆက်၍ ရှင်လိုက်ပါအုံးမည် ဖြစ်ကြောင်း စာဖတ်သူများကို အသိပေးလိုက်ရင်း **Happy New Year** လို့ နှုတ်ခွန်း ဆက်သ လိုက်ပါတယ်။ ။

မေတ္တာဖြင့် ... **ဆွေးရင့်ဓိဓိ** ( ဓေတ္တ ကမ္ဘာမြေ )

---

## ခဲတံနဲ့ ချွန်စက်

တို့တတွေဟာ ဘုရားသခင် လက်ထဲမှာရှိတဲ့ ခဲတံ လေးတွေပါ။ ဘုရားရှင်က တို့တတွေရဲ့ အတွေးလေးတွေ အကောင်အထည်ဖော်နိုင်ဖို့ ခဲတံလေးနဲ့ ရေးခိုင်းတယ်။ ဒါပေမဲ့ ခဲတံနဲ့ ရေးရတာမို့ တစ်ခါတစ်ရံမှာ ခဲသားလေး ကျိုးသွားရင် ချွန်စက်လေးနဲ့ ပြန်ချွန်ရတယ်။ ချွန်စက်လေးကလဲ ခဲတံလေး အသုံးဝင်အောင် တန်ဆာပလာ တစ်ခုအနေနဲ့ အသုံးခံပေး နေတယ်။



ဒါကြောင့်လဲ တို့တွေ ဘုရားရှင်လက်ထဲက ခဲတံလေးနဲ့ လိုအပ်သမျှကို အချိန်မရွေး ဘယ်နေရာမှာ မဆိုရေးနိုင်တယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ဘုရားရှင်လက်ထဲမှာ ကျိုးပဲ့တတ်တဲ့ ဘဝ ခဲတံအတွက် ပြုပြင် ပြင်ဆင်ပေးမဲ့ ဘုရားရှင်ရဲ့ ချွန်စက်လေးကြောင့်ပေါ့။

ကျိုးပဲ့ကြေမွနေတဲ့ ဘဝ နှလုံးသား ခဲတံလေးတွေကို ဘုရားလက်ထဲက ပြုပြင်တတ်တဲ့ ချွန်စက်လေးထဲ ထည့်လိုက်ပြီး ဘယ်နေရာ ဘယ်အချိန်မဆို ဘဝရဲ့ တစ်ထောင့် တစ်နေရာမှာ အသုံးဝင်တဲ့ ဆန်ဆာပလာတွေဖြစ်ဖို့ ဘုရားရှင်ထံ ဘဝ ခဲတံ ကို အပ်နှံ ကြပါစို့။

**လူမည်သည်ကား ခရစ်တော်၌ ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏ ဟောင်းသော အရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။ ၂ကော ၅း၁၇**

**မလေး ( ဂျူလိုင် )**

---

## ကျွန်တော်နှင့် အခုနဲ့ ကူလီထမ်းခြင်း၏အကျိုး

( မင်းအောင်သက်လွင် )

**အခန်း ၁)** ဆရာသက် နိုင်ငံခြားကို ရောက်လာတာ တစ်ပါတ်ဘဲ ရှိပါသေးတယ်။ သာသနာ့ အစည်းအဝေးနဲ့ လာခဲ့ရတာဆိုတော့ သာသနာ က စီစဉ်ပေးတဲ့ ဟော်တယ်မှာ ခန တည်းနေရသလို အသိမိတ်ဆွေတွေက အလုပ် ကိုယ်စီနဲ့မို့ ဆရာသက်ကို ဟိုဟိုဒီဒီ လိုက်မပို့နိုင်ကြသေးပါ။ အဲဒါနဲ့ ဆရာသက် တစ်ယောက်တည်း နိုင်ငံလမ်းညွှန် မြေပုံလေးကိုင်ပြီး အရေးကြီးတဲ့ နေရာလေးတွေဆီ ( မြန်မာဘုရားကျောင်းနဲ့ မြန်မာဆိုင်တွေ ရှိတဲ့နေရာ) ကို တစ်ယောက်တည်း သွားနေရပါတယ်။ ဒီနေ့က ဗုဒ္ဓဟူးနေ့ ဆိုတော့ ဘုရား ကျောင်းမှာ အထူးဆုတောင်းစည်းဝေး ရှိတဲ့အပြင် အိမ်ရှင် သင်းအုပ်ဆရာ ကလဲ ဆုတောင်းစည်းဝေးလာခဲ့ဖို့ ဖိတ်ထားတာ ကြောင့် ညနေ ၅နာရီလောက်မှာ ဟော်တယ် ကနေ မြန်မာဈေးရုံဘက်ကို ထွက်လာခဲ့ ပါတယ်။ အဲဒီမှာ ညနေစာ စားပြီး ၇နာရီခွဲမှ ဘုရားကျောင်း ဆုတောင်း စည်းဝေးကို သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

**အခန်း ၂)** “ဟာ– ဆရာသက်၊ နိုင်ငံခြားရောက်တာ ကြာပြီလား ဘယ်တုံးက ရောက်လာတာလဲ၊ ဘာလာလုပ်တာလဲ” မြန်မာဈေးရုံထဲ ဝင်ဝင် ချင်းမှာဘဲ မျိုးကြီးနဲ့ တွေ့လိုက်ရပါတယ်။ မျိုးကြီးဆိုတာက နိုင်ငံခြားမှာ အလုပ်လာလုပ်နေတဲ့ မြန်မာပြည်က ဆရာသက်တို့ အသင်းတော်ရဲ့ အသင်းသား လူငယ်တစ်ဦးဖြစ်ပါတယ်။ ဆရာသက် နိုင်ငံခြားကို အစည်း အဝေး ကိစ္စနဲ့ အလောတကြီး ထွက်လာခဲ့တာမို့ မျိုးကြီးတို့အိမ်က လူကြုံ ပစ္စည်းတွေ မသယ်လာနိုင်ခဲ့သလို ဆရာသက် ထွက်လာတာကိုလဲ မျိုးကြီး တို့အိမ်က မသိလိုက်ပါဘူး။ “ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ ဆရာရယ်။ နိုင်ငံခြားရောက်တုံး ဆရာသုံးဖို့ အလျှုငွေ ပေးခဲ့ပါရစေ။ အခု ကျွန်တော် နိုက်ဂျူတီ ဆင်းရမှာဖို့ နောက်နေ့ မနက်မှဘဲ ဆရာနဲ့ အေးအေးဆေးဆေး စကားပြောကြ တာပေ့ါ။ ဒီမှာ ကျွန်တော့် ဖုန်းနံပါတ်” ပြောပြောဆိုဆိုနဲ့ မျိုးကြီးက ဆရာသက် အိတ်ကပ်ထဲကို သူ့ ဖုန်းနံပါတ် ရေးထားတဲ့ စာရွက်ပိုင်းလေးနဲ့ ဒေါ်လာ ၅၀ တန် တစ်ရွက် ထည့်ပေးလိုက် ပါတယ်။

**အခန်း၃)** ဘုရားကျောင်းမှာ ဆုတောင်းစည်းဝေး လုပ်ပြီးလို့ လူစုခွဲကာ နီးမှာ သင်းအုပ်ဆရာက “ကျွန်တော်တို့ အခု အန်တီ တစ်ယောက်ရဲ့ အိမ်ပြောင်းဖို့ ရှိတယ်။ ဘီရိုနဲ့ စားပွဲတွေ သယ်စရာရှိနေတာမို့ လုပ်အားနည်းနည်းလိုတယ်။ ဗလကောင်းတဲ့ ယောကျ်ားလေးတွေ လိုက်ခဲ့ပေးကြပါအုံး” လို့ ဆော်ဩပါတယ်။ ညဦးပိုင်း ကိုးနာရီ သာသာဘဲ ရှိနေသေး တာရယ်။ အားလပ် နေတာရယ်။ ဗဟုသုတ ရှာလိုတာရယ်တွေကြောင့် အန်တီကြီး အိမ်ပြောင်းတဲ့အခါ ကူလီထမ်းပေးဖို့ ဆရာသက် သူတို့နောက် လိုက်လာခဲ့မိ ပါတယ်။

**အခန်း၄)** အိမ်ကို ကြည့်လိုက်ကတည်းက ပိုက်ဆံရှိတဲ့ မိသားစုမှန်းသိသာ ပါတယ်။ ပရိဘောဂတွေကလဲ အဖိုးတန်တွေချည်းပါဘဲ။ တိုလီမုတ်စ ပေါ့ပါးတဲ့ ပစ္စည်းတွေကို သူတို့ မိသားစုဝင်တွေ သယ်ပြီးသွားကြပေမဲ့ ကနုတ်ပန်းတွေနဲ့ ပုံဖော်ထားပြီး လေးလံ ကြီးမားတဲ့ သစ်သား ဘီရိုတစ်လုံး၊ ထမင်းစားပွဲနဲ့ သစ်သား ကုလားထိုင် လေးလုံးကတော့ ဆရာသက်တို့ အဖွဲ့ကို စောင့်ကြိုနေပါတယ်။ အဖိုးတန် ပရိဘောဂ ပစ္စည်းတွေမို့ သစ်သားကနုတ်ပန်းတွေ ပွန်းပဲ့ သွားမှာစိုးတာကြောင့် အိမ်ရှင် အန်တီကြီးက ဂွမ်းစောင်ကြီးနဲ့ သေသေချာချာအုပ်၊ လမ်းမှာ မိုးရွာခဲ့ရင် မိုးရေ စိုမှာစိုးလို့ ပလပ်စတစ် တွေနဲ့ အထပ်ထပ်ကာ၊ ကြိုးနဲ့ အထပ်ထပ် ချည်ပြန်ပါတယ်။

အဲဒီပစ္စည်း သုံးမျိုးကို အိမ်ဟောင်းကနေ အိမ်သစ်ဆီကို သယ်ကြ ပါပြီ။ အိမ်ထဲကနေ အိမ်ပြင်ထုတ်၊ ဓါတ်လှေကားထဲ ဝင်၊ ပြန်ထွက်၊ အောက်ထပ် မြေပြင်ပေါ်ကျတော့ လှည်းလေးပေါ်တင်ပြီးတွန်း၊ လှည်းဝင်လို့ မရတဲ့ လှေကား ထစ်တွေမှာ လက်နဲ့ မ၊ ကားပေါ်တင်။ အားလုံး အဆင်ပြေပြေပါဘဲ။ အိမ်သစ်ကို ရောက်တော့ နိုင်ငံခြားက သာမာန်လူတွေ နေတဲ့ တိုက်ခန်းတွေဆိုတော့ ကား ပါကင် ရပ်တဲ့နေရာနဲ့ တိုက်ခန်းနဲ့ က အလှမ်း ဝေးတဲ့အပြင် ကုန်းဆင်းကုန်းတက်၊ ရိုးရိုး လှေကား အပြင် ဓါတ်လှေကားနဲ့ ပါ အပေါ် ၁၀ ထပ်ထိ တက်ရပါတယ်။ ဓါတ်လှေကားက အထပ်တိုင်းမှာ မရပ်ပါဘူး။ ၁၂ထပ်အထိ ဓါတ်လှေကားနဲ့ တက်ပြီး အောက်ကို ၂ထပ် ပြန်ဆင်းမှ လိုချင်တဲ့ ၁၀ထပ် တိုက်ခန်းကို ရောက်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၉ထပ်ထိတက်ပြီး အပေါ်တစ်ထပ် ပြန်တက်မဲ့ အစီအစဉ်ကို လူတိုင်း လက်ခံတဲ့အတွက် ပစ္စည်းတွေ စသယ်ကြပါတယ်။ ဓါတ်လှေကားက အပေါက်ဝ ပိုကျဉ်းပါတယ်။ အိမ် အပေါက်ဝက ပိုလို့ ကျဉ်းပြန် ပါတယ်။ ပထမ စားပွဲခုံတွေ သယ်တုံးက ‘အိုကေ’ ပါဘဲ။ ဘီရို သယ်တဲ့အခါမှာ လေးလွန်းလို့ အလျှားလိုက် လူလေးယောက် တစ်ယောက် တစ်ဘက်စွန်းဆီ ကိုင်ပြီး သယ်ရပါတယ်။ ဓါတ်လှေကား ထဲ ထည့်ဖို့ တော်တော် လက်ဝင်ပါတယ်။



အတက်မှာ အဆင်ပြေပြီး ဓါတ်လှေကားထဲက ပြန်အထွက်မှာ ဆရာသက်က အရပ်ရှည်တော့ ဘီရို တစ်ဘက်စွန်းကို လက်နှစ်ဘက်နဲ့ သေသေ ချာချာ မပြီး ရှေ့ဆုံးက ထွက်လာပါတယ်။ ရှေ့က သွားနေတုံး နောက်က အော်သံ ကြားလို့ လှည့်ကြည့်လိုက်တဲ့အခါ နောက်ပိုင်းက သယ်တဲ့သူတွေက ဘီရိုနဲ့

ဓါတ်လှေကား တံခါး တိုက်မိကြောင်း ပြောကြပါတယ်။ အဲဒီအချိန်မှာ အိမ်ရှင် အန်တီကြီး ငယ်သံပါအောင် "အောင်မလေး ကုန်ပါပြီတော့" လို့အော်ပြီး အူးယား ဖားယား ပြေးလာပါတယ်။ ပလစ်စတစ် အထပ်ထပ်၊ ဂွမ်းစောင် အထပ်ထပ် အုပ်ကာထားတဲ့ ဘီရိုကို အတင်းဖွင့်ပြီး ကနုတ်ပန်းတွေ ပွန်းပဲ့ခြင်းရှိ မရှိ၊ ဆေးကွာ မကွာ၊ အစင်းရာ အခြစ်ရာတွေ ထင် မထင် စစ်ဆေးပါတယ်။ ဆရာသက် အမြင်မှာတော့ ဘာပွန်းပဲ့ရာမှ မတွေ့ပါ။ ဒါပေမဲ့ အန်တီကြီးက "ဟယ်တော် သွားပါပြီ၊ ဒီမှာ ဆေးတွေ ပွန်းကုန်ပါပြီ။ ဒါ မင်း ရှေ့မကြည့် နောက်မကြည့်ဘဲ ရှေ့က စွတ်သွားလို့ ဒီလို ဖြစ်ရတာ" ဆိုပြီး ဆရာသက်ကို လက်ညှိုး ထိုးပြီး ပြောပါတယ်။

ဆရာသက်က ဘီရိုကို ရှေ့ဆုံးက သယ်တဲ့သူဆိုတော့ အခုလို ဖြစ်ရတာ ဆရာသက်ကြောင့် ဆိုပြီး အပြစ် တင်ပါတော့တယ်။ "မင်း မဆင် မခြင် လုပ်လို့ဖြစ်တာ၊ မင်း အသုံးမကျလို့ ဖြစ်တာ၊ မင်းနောက်ကို မကြည့်ဘဲ စွတ်သွားလို့ ဖြစ်တာ" ဆိုတဲ့ စကားကို တွင်တွင်ပြောရင်း ဆရာသက်ကို စွပ်စွဲပါတော့တယ်။ ဆရာသက်က မကြာခင်ကမှ မြန်မာပြည်က လာတဲ့ သူဆိုတော့ သင်းအုပ်ဆရာက လွဲရင် ဆရာသက်ကို တရားဟောဆရာမှန်း ပစ္စည်း သယ်တဲ့သူတွေအပါအဝင် အန်တီကြီးတို့ပါ မသိကြပါဘူး။ ဆရာသက် ကလဲ စပို့ရှပ်လက်တို၊ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းလေး ဝတ်ထားတာဆိုတော့ မသိရင် အလုပ်ကြမ်းသမားလိုလို၊ နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့ အလုပ်သမား လိုလို ထင်မှတ်မှားစရာပါဘဲ။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ သင်းအုပ်ဆရာကလဲ တိုက်အောက်ထပ် ကားပေါ်မှာ ကျန်နေခဲ့တယ်။ ဒီတော့ ဆရာသက် ရဲ့ အခက် အခဲကို ဘယ်သူမှ မရှင်းပြပေးနိုင်ကြပါဘူး။

အန်တီကြီး အိမ်ပြောင်းတဲ့ ကိစ္စကလဲ ဆုတောင်းစည်းဝေးလာရင်း အပြန်မှာ ကြုံရာလူက လမ်းကြုံလို့ သင်းအုပ်ဆရာခိုင်းတဲ့အတွက် အခမဲ့ ကူလီ ထမ်းပေးတဲ့ သဘောနဲ့ ဝင်ကူပေးတာ ဖြစ်တဲ့အတွက် ဘယ်သူက ဘာမှန်း မသိကြပါဘူး။ ကျန်တဲ့သူတွေ ကိုယ်တိုင်လဲ ဆရာသက်ကို မြန်မာပြည်က လာတဲ့ တရားဟောဆရာမှန်း မသိကြပါဘူး။ ဒီကိစ္စမှာ သူတို့လဲ ဘာမှ ဝင်မပြောတော့ ဆရာသက်လဲ ရှက်ရှက်နဲ့ " ဟုတ်ကဲ့ပါ ခင်ဗျာ။ လျော်ရမယ် ဆိုရင်လဲ ကျွန်တော် လျော်ကြေး ပေးပါ့မယ်" လို့တောင်းပန်ရင်း အိတ်ထဲက မျိုးကြီး လှူသွားတဲ့ ဒေါ်လာ ၅၀ ကို ထုတ်ပေး လိုက်ပါတယ်။ အန်တီကြီးက ငွေကို ဆတ်ကနဲ ဆွဲယူလိုက် ပါတယ်။

**အခန်း ၅)** တရားပလ္လင် ပေါ်ကနေ ထိုင်နေတဲ့အခါမှာ အောက်က ပရိတ်သတ် တွေကို လှမ်းမြင်နေရပါတယ်။ မရည်ရွယ်ထားပါဘဲလျှက် နိုင်ငံခြားက မြန်မာ တိုင်းရင်းသားတွေ ဝတ်ပြုကိုးကွယ်တဲ့ အသင်းတော် တစ်ခုမှာ ပွဲတော် မင်္ဂလာပေးဖို့ အကြောင်း ပေါ်လာခဲ့တယ်။ အိမ်ရှင် သင်းအုပ်ဆရာက အရေးကြီး ကိစ္စတစ်ခုနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုကို ခနထွက်သွားရချိန်မှာ လစဉ် ပထမ အပါတ်တိုင်း ပွဲတော် စားနေကျ အသင်းတော်မှာ ပွဲတော်ပေးဖို့ သိက္ခာ တော်ရ ဆရာတော် လိုနေတဲ့အတွက် အသင်းလူကြီးတွေနဲ့ သင်းထောက် တွေရဲ့ ပန်ကြား ချက်အရ အဲဒီအသင်းတော်မှာ ခေတ္တခန ရောက်နေတဲ့ ဆရာသက် တစ်ယောက် ပွဲတော် ပေးဖို့ အခွင့်ကြုံ သွားပါတယ်။

အဝေးမှုန်တဲ့ ဆရာသက်က မျက်မှန် တပ်မထားတဲ့ အတွက် ပရိတ်သတ်တွေကို အဝေးက လှမ်းမြင်နေရပေမဲ့ မျက်နှာတွေကိုတော့ ဘယ်သူမှန်း သဲသဲကွဲကွဲ မမြင်ရပါဘူး။ ပွဲတော်ပေးဖို့ အချိန်ကျလာတော့ အရင် ထိုင်နေရာ တရားပလ္လင်ပေါ်ကနေ ပရိတ်သတ်နဲ့ အနီးဆုံးနေရာ ပွဲတော် မုန့်နဲ့ စပျစ်ရည် ထားရာ ပွဲတော်အုပ်ထားတဲ့ စားပွဲဆီမှာ သွားထိုင်ရပါတယ်။



ထုံးတမ်းစဉ်လာအရ ပွဲတော် မုန့်အတွက် ကျေးဇူးတော် ချီးမွမ်း အပြီး ပရိတ်သတ်တွေကို ဝေပေးဖို့ သင်းထောက်တွေလက်ထဲ မုန့် ပန်းကန် ပေးလိုက် တဲ့အချိန်မှာ ခုံမှာထိုင်နေတဲ့ ပရိတ်သတ်ကို အနီးကပ် မြင်တွေ့နေ ရပါတယ်။ ထူးထူး ခြားခြား ရှေ့တည့်တည့်ခုံမှာ ထိုင်နေတဲ့ အန်တီကြီး တစ်ဦး ကို မြင်ဖူးသလိုရှိတာမို့ သေချာ စိုက် ကြည့်မိတဲ့အခါ "အားလားလား– ဟိုတစ်နေ့က သူ့အိမ် ပြောင်းပေးရင်း ဘီရို ပွန်းသွားလို့ ဆိုပြီး ရန်တွေ့လို့ ငွေငါးဆယ် လျော်ကြေး တောင်းသွားတဲ့ အမျိုးသမီး ပါလား။ ဟင် သူ့ဘေးမှာ ထိုင်နေတာကလဲ သူ့ အမျိုးသား ပါလား" သူတို့ ဆရာသက်ကို မှတ်မိသွားပုံ ပေါ်တယ်။ ခေါင်းတွေ အတင်း ငုံ့ထားကြပါတယ်။ ဆရာသက် မသိချင်ဟန်ဆောင်ပြီး ပွဲတော် ဆက်ပေး လိုက်ပါတယ်။

ဘုရားဝတ်ပြုပြီးသွားတော့ လူတွေ ဆရာသက်ကို လာနှုတ်ဆက်ကြ တယ်။ ဟို လင်မယားကတော့ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြ ပါပြီ။

**နိဂုံး )** ရန်ကုန်ပြန်ဖို့ နိုင်ငံခြားလေဆိပ် ထဲကနေ ထွက်ခါနီးမှာ အသိ တစ်ယောက်က " ဆရာ့အတွက် ဆိုပြီးတော့ လူတစ်ယောက် လာပေးသွား တယ်" ဆိုပြီး စာအိတ် တစ်အိတ် လာပေးပါတယ်။ လေယာဉ်ချိန် နီးနေတာမို့ ဟန်းကယ်ရီ ထည့်တဲ့ ကျောပိုးအိတ်ထဲ ထည့်ထားလိုက်ပါတယ်။ လေဆိပ် ထဲမှာ ခင်မင် ရင်းနှီးတဲ့သူတွေနဲ့ ဓါတ်ပုံရိုက်ပြီးတော့ လေယာဉ်ပေါ် တက်လာခဲ့တယ်။ အဆင်ပြေချင်တော့ လေယာဉ်ရဲ့ ပြူတင်းပေါက်ဘေးက ထိုင်ခုံမှာ နေရာ ရပါ တယ်။ လေယာဉ် လေထဲ ပျံနေချိန်မှာ အမိမြေကို ရောက်ဖို့ နှစ်နာရီ ကျော်ကျော် ကျန်သေးတာမို့ လေဆိပ်မှာ လူတစ်ယောက် လာပေးသွားတဲ့ စာအိတ်လေးကို ဖွင့်ကြည့်လိုက်ပါတယ်။

စာအိတ်ပေါ်မှာ ဘာစာမှ ရေးမထားသလို စာအိတ်ထဲမှာလဲ ဘာစာမှ ရေးမထားပါ။ ဒါပေမဲ့ စာအိတ်ထဲမှာ ဒေါ်လာငွေ ငါးဆယ်တန် တစ်ရွက်ကို တွေ့လိုက်ရပါတယ်။ ဘယ်သူ ပေးသလဲဆိုတာ ချက်ခြင်း တန်းပြီး သိလိုက်ပါ တယ်။ တစ်ခါ တစ်ခါမှာ ဆရာသက် တို့လို အမှုတော်ဆောင် တွေဟာ လူတွေပြောင်းလဲဖို့ အာပေါက်အောင် ပြောရတာရှိသလို ဘာမှ ပြန်မပြောဘဲ ပုခုံးပေါက်အောင် အစေခံ ပြလိုက်ရတာတွေလဲ ရှိပါတယ်။ ဒီတစ်ခါတော့ နိုင်ငံခြားမှာ သူများထက် နှာတစ်ဖျား သာလို့ ဂုဏ်မောက် နေတဲ့ အန်တီကြီး လင်မယားကို အသိတရား၊ နောင်တတရား၊ နှိမ့်ချခြင်း သဘောတရား ရစေဖို့ တရားဟော စရာ မလိုဘဲ ကိုယ်တိုင်လက်တွေ့ အခနဲ့ ကူလီ ထမ်းရကျိုး နပ်ပြီလို့ တွေးရင်း ဆရာသက် တစ်ယောက်တည်း လေယာဉ်ပေါ်မှာ ပြုံးနေလိုက်မိပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် လေယာဉ်မယ်က သူ့ကို ပြုံးပြတယ်ထင်ပြီး လိမ္မော်ရည် တစ်ခွက် လာပေးပါတယ်။ "အား ပါး၊ ဒီတစ်ခါ လိမ္မော်ရည် သောက် ရတာ သောက်ခဲ့ဖူးသမျှထဲမှာ အချိုဆုံး ပါဘဲလားဗျို့" ။ ။

**( မင်းအောင်သက်လွင် )**

( ဝန်ခံချက် ။ မည်သူ့ကိုမှ မရည်ရွယ်ပါ၊ သင်နှင့် ဖြစ်ရပ်ချင်းတူခဲ့ပါက တိုက်ဆိုင်မှု သာလျှင် ဖြစ်ပါသည်။ )

---





မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin, Blk 76A #30-02**
**Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**
((သခင့်စကား စာစောင်ကို **www.jbcs.org.sg** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))


မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်